နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

---

# အဘိဓာန် သရုပ်ခွဲအခန်း

## (၁) နတ်မျိုး (၈) ပါး

| | | | |
|---|---|---|---|
| ၁။ | သိဒ္ဓ | = သိဒ္ဓနတ်မျိုး | |
| ၂။ | ဘူတ | = ဘူတနတ်မျိုး | |
| ၃။ | ဂန္ဓဗ္ဗ | = ဂန္ဓဗ္ဗနတ်မျိုး | |
| ၄။ | ဂုယှက | = ဂုယှကနတ်မျိုး | |
| ၅။ | ယက္ခ | = ယက္ခနတ်မျိုး | |
| ၆။ | ရက္ခသာ | = ရက္ခိုသ်နတ်မျိုး | |
| ၇။ | ကုမ္ဘဏ္ဍ | = ကုမ္ဘဏ်နတ်မျိုး | |
| ၈။ | ပိသာစ | = ပိသာစစသောနတ်မျိုး။ | (၁၃) |

## (၂) အသုရာ အထူး (၃) ပါး

| | | | |
|---|---|---|---|
| ၁။ | ပဟာရာဒ | = ပဟာရာဒအသုရာ | |
| ၂။ | သမ္ဗရ | = သမ္ဗရအသုရာ | |
| ၃။ | ဗလိ | = ဗလိအသုရာစသည်။ | (၁၄) |

## (၃) သိကြားမြို့တော် (၃) ပါး

| | | | |
|---|---|---|---|
| ၁။ | မသက္ကသာရာ | = မသက္ကသာရာမြို့တော် | |
| ၂။ | ဝသောကသာရာ | = ဝသောကသာရမြို့တော် | |
| ၃။ | အမရဝတီ | = အမရဝတီမြို့တော်။ | (၂၁) |

## (၄) သိကြားဉယျာဉ် (၄)

၁။ နန္ဒန = နန္ဒဝန် ဉယျာဉ်
၂။ မိဿက = မိဿကဉယျာဉ်
၃။ စိတ္တလတာ = စိတ္တလတာဉယျာဉ်
၄။ ဖာရုသက = ဖာရုသကဉယျာဉ်။ (၂၃)

## (၅) တောင်မျိုးတောင်ရံ (၇) ပါး

၁။ ယုဂန္ဓရ = ယုဂန္ဓရတောင်
၂။ ဤသဓရ = ဤသဓရတောင်
၃။ ကရဝီက = ကရဝီကတောင်
၄။ သုဒဿန = သုဒဿနတောင်
၅။ နေမိန္ဓရ = နေမိန္ဓရတောင်
၆။ ဝိနတက = ဝိနတကတောင်
၇။ အဿကဏ္ဏ = အဿကဏ္ဏတောင် (၂၆)

## (၆) အရပ်မျက်နှာ (၄) ပါး

၁။ ပါစီ = အရှေ့အရပ်
၂။ ပတိစီ = အနောက်အရပ်
၃။ ဉဒီစီ = မြောက်အရပ်
၄။ အပါစီ = တောင်အရပ် (၂၉)

## (၇) အရပ်မျက်နှာစောင့် ဆင် (၈) မျိုး

၁။ ဧရာဝတ = ဧရာဝတဆင်
၂။ ပုဏ္ဍရီက = ပုဏ္ဍရီကဆင်
၃။ ဝါမန = ဝါမနဆင်
၄။ ကုမုဒ = ကုမုဒဆင်

၅။ အဋ္ဌန = အဋ္ဌနဆင်
၆။ ပုပ္ဖဒန္တ = ပုပ္ဖဒန္တဆင်
၇။ သဗ္ဗဘုမ္မ = သဗ္ဗဘုမ္မဆင်
၈။ သုပ္ပတီက = သုပ္ပတီကဆင် (၃၀)

## (၈) နတ်မင်းကြီး (၄)ပါးနှင့် အရပ်

၁။ ဓတရဋ္ဌနတ်မင်း = အရှေ့အရပ်
၂။ ဝိရူဠ္ဍကနတ်မင်း = တောင်အရပ်
၃။ ဝိရူပက္ခနတ်မင်း = အနောက်အရပ်
၄။ ကုဝေရနတ်မင်း = မြောက်အရပ် (၃၂)

## (၉) လေအထူး (၆) ပါး

၁။ ဉဒ္ဓင်္ဂမ = အထက်သို့ဆန်တက်သောလေ
၂။ အဓောဂမ = အောက်သို့စုန်ဆင်းသောလေ
၃။ ကုစ္ဆိဋ္ဌ = ဝမ်း၌တည်သောလေ
၄။ ကောဋ္ဌာသယ = အူ၌တည်သောလေ
၅။ အဿာသ = ထွက်သက်ဝင်သက်လေ
၆။ အင်္ဂါနုသာရီ = အင်္ဂါကြီးငယ်ကိုလျှောက်သောလေ

(၃၈)

## (၁၀) မာရ်နတ်သမီး (၃)ယောက်

၁။ တဏှာ
၂။ အရတိ
၃။ ရဂါ (၄၂)

## (၁၁) နက္ခတ် (၂၇) မျိုး

| | | |
|---|---|---|
| ၁။ | အဿယုဇ | = အဿဝနီနက္ခတ် |
| ၂။ | ဘရဏီ | = ဘရဏီနက္ခတ် |
| ၃။ | ကတ္တိကာ | = ကြတ္တိကာနက္ခတ် |
| ၄။ | ရောဟိဏီ | = ရောဟိဏီနက္ခတ် |
| ၅။ | မိဂသိရ | = မိဂသီနက္ခတ် |
| ၆။ | အဒ္ဒါ | = အဒြနက္ခတ် |
| ၇။ | ပုနဗ္ဗသု | = ပုနဗ္ဗသျှုနက္ခတ် |
| ၈။ | ဖုဿ | = ဖုသျှနက္ခတ် |
| ၉။ | အသိလေသ | = အသိလိဿနက္ခတ် |
| ၁၀။ | မာဃာ | = မာဃနက္ခတ် |
| ၁၁။ | ဖဂ္ဂုနီ | = ပြုဗ္ဗဖလဂုနီနက္ခတ် |
| ၁၂။ | ဖဂ္ဂုနီ | = ဥတ္တရဖလဂုနီနက္ခတ် |
| ၁၃။ | ဟတ္ထာ | = ဟတသနက္ခတ် |
| ၁၄။ | စိတ္တာ | = စိတြာနက္ခတ် |
| ၁၅။ | သွာတိ | = သွာတိနက္ခတ် |
| ၁၆။ | ဝိသာခါ | = ဝိသာခါနက္ခတ် |
| ၁၇။ | အနုရာဓာ | = အနုရာဓနက္ခတ် |
| ၁၈။ | ဇေဋ္ဌာ | = ဇေဋ္ဌနက္ခတ် |
| ၁၉။ | မူလ | = မူလနက္ခတ် |
| ၂၀။ | အာသဠ္ဍ | = ပြုဗ္ဗာသဠ်နက္ခတ် |
| ၂၁။ | အာသဠ္ဍ | = ဥတ္တရာသဠ်နက္ခတ် |
| ၂၂။ | သဝဏ | = သရဝဏ်နက္ခတ် |
| ၂၃။ | ဓနိဋ္ဌ | = ဓနသိဋ္ဌနက္ခတ် |
| ၂၄။ | သတဘိသဇ | = သတဘိသျှနက္ခတ် |

၂၅။ ပုဗ္ဗဘဒ္ဒပဒ = ပြုဗ္ဗဘဒြပိုဒ်နက္ခတ်
၂၆။ ဥတ္တရဘဒ္ဒပဒ = ဥတ္တရဘဒြပိုဒ်နက္ခတ်
၂၇။ ရေဝတီ = ရေဝတီနက္ခတ် (၅၈)

## (၁၂) အင်္ဂါလေးပါးရှိ အမိုက်မှောင် (၄) မျိုး

၁။ ကာဠပက္ခစာတုဒ္ဒသီ = လဆုတ်လကွယ်နေ့
၂။ ဃနဝနသဏ္ဍ = တခဲနက်သော တောအုပ်,တောနက်
၃။ မေဃပဋလ = မိုးတိမ်အုံ့ခြင်း (မိုးမှောင်ကျခြင်း)
၄။ အဍ္ဍရတ္တိ = သန်းခေါင် (၇၁)

## (၁၃) ၁၂–လအမည် (၂) ပါး

၁။ စိတ္တ = တန်ခူးလ
၂။ ဝေသာခ = ကဆုန်လ
၃။ ဇေဋ္ဌ = နယုန်လ
၄။ အာသဠ္ဍ = ဝါဆိုလ
၅။ သာဝဏ = ဝါခေါင်လ
၆။ ပေါဋ္ဌပဒ = တော်သလင်းလ
၇။ အဿယုဇ = သီတင်းကျွတ်လ
၈။ ကတ္တိက = တန်ဆောင်မုန်းလ
၉။ မာဂသိရ = နတ်တော်လ
၁၀။ ဖုဿ = ပြာသိုလ
၁၁။ မာဃ = တပို့တွဲလ
၁၂။ ဖဂ္ဂုန = တပေါင်းလ (၇၅)

## (၁၄) အာရုံ (၆) ပါး

၁။ ရူပ = အဆင်း
၂။ သဒ္ဒ = အသံ

၃။ ဂန္ဓ = အနံ့
၄။ ရသ = အရသာ
၅။ ဖဿ = အတွေ့
၆။ ဓမ္မ = သဘောတရား (၉၄)

## (၁၅) သတင်အမှု (၃) ပါး

၁။ နစ္စ = ကခြင်း
၂။ ဝါဒိတ = တီးမှုတ်ခြင်း
၃။ ဂီတ = သီဆိုခြင်း (၁၀၀)

## (၁၆) နာဋျရသ (၉) ပါး

၁။ သိင်္ဂါရ = ချစ်ကြိုက်ခြင်း
၂။ ကရုဏာ = သနားခြင်း
၃။ ဝီရ = ဓမ္မ, ဒါန, ယုဒ္ဓတို့၌ရဲရင့်ခြင်း
၄။ အဗ္ဘုတ = အံ့ဩခြင်း
၅။ ဟဿ = ရယ်ရွှင်ခြင်း
၆။ ဘယာနက = ကြောက်လန့်ခြင်း
၇။ သန္တ = ငြိမ်သက်ခြင်း
၈။ ဗီဘစ္ဆ = စက်ဆုပ်ခြင်း
၉။ ရုဒ္ဒ = ကြမ်းကြုတ်ခြင်း (၁၀၂)

## (၁၇) သိင်္ဂါရအပြား (၂) ပါး

၁။ သမ္ဘောဂ = ပေါင်းဆုံနီးနှောခြင်း
၂။ ဝိယောဂ = ကွေကွင်းခြင်း (၁၀၄)

## (၁၈) အာမေဍိတ်အပြား (၉) ပါး

၁။ ဘယ = ကြောက်သောအခါ

၂။ ကောဓ = အမြက်ထွက်သောအခါ

၃။ ပသံသာ = ချီးမွမ်းသောအခါ

၄။ တုရိတ = အဆောတလျှင်ပြုသောအခါ

၅။ ကောတူဟလ = အသစ်အဆန်းကိုတွေ့မြင်သောအခါ

၆။ အစ္ဆရ = အံ့သြသောအခါ

၇။ ဟာသ = ရွှင်လန်းသောအခါ

၈။ သောက = စိုးရိမ်သောအခါ

၉။ ပသာဒ = ကြည်ညိုသောအခါ (၁၀၆)

## (၁၉) ဗေဒ (၃) မျိုး

၁။ ဣရု = ဣရုဗေဒ

၂။ ယဇု = ယဇုဗေဒ

၃။ သာမ = သာမဗေဒ (၁၀၈)

## (၂၀) ဗေဒင်ကျမ်းပြု ရသေ့ (၁၀) ပါး

၁။ အဋ္ဌက = အဋ္ဌကရသေ့

၂။ ဝါမက = ဝါမကရသေ့

၃။ ဝါမဒေဝ = ဝါမဒေဝရသေ့

၄။ အင်္ဂီရသ = အင်္ဂီရသရသေ့

၅။ ဘဂု = ဘဂုရသေ့

၆။ ယမဒဂ္ဂိ = ယမဒဂ္ဂိရသေ့

၇။ ဝါသိဋ္ဌ = ဝါသိဋ္ဌရသေ့

၈။ ဘာရဒွါဇ = ဘာရဒွါဇရသေ့

၉။ ကဿပ = ကဿပရသေ့

၁၀။ ဝေသာမိတ္တ = ဝေသာမိတ္တရသေ့ (၁၀၉)

**(၂၀) ဗေဒင် (၆) ကျမ်း**

၁။ ကပ္ပ = ကပ္ပကျမ်း

၂။ ဗျာကရဏ = ဗျာကရဏ်းကျမ်း

၃။ ဇောတိသတ္ထ = ဟူးရားကျမ်း

၄။ သိက္ခာ = သိက္ခာကျမ်း

၅။ နိရုတ္တိ = နိရုတ္တိကျမ်း

၆။ ဆန္ဒောဝိစိတိ = ဆန်းကျမ်း (၁၁၀)

**(၂၂) အသံအင်္ဂါ (၈) ပါး**

၁။ ဝိသဋ္ဌ = သန့်ရှင်းသည်။

၂။ မဥ္ဇုသ = သာယာသည်။

၃။ ဝိညေယျာ = သိလွယ်သည်။

၄။ သဝနီယ = နာချင်ဘွယ်ရှိသည်။

၅။ အဝိသာရီ = ဖရိုဖရဲမကွဲသည်။

၆။ ဗိန္ဒု = လုံးသည်။

၇။ ဂမ္ဘီရ = နက်နဲသည်။

၈။ နိန္နာဒိ = ပဲ့တင်ထပ်သည်။ (၁၂၉)

**(၂၃) သရမဏ္ဍလ (အသံဝန်း)ရှစ်ဆယ်**

၁။ သရအသံ (၇) ပါး

၂။ ဂါမအသံ (၃) ပါး

၃။ မုစ္ဆနအသံ (၂၁) ပါး

၄။ တာနအသံ (၄၉) ပါး (၁၃၁)

## (၂၄) စောင်းသံ, လည်ချောင်းသံ, သရအသံ (၇)ပါး


၁။ ဥသဘအသံ

၂။ ဓေဝတအသံ

၃။ ဆဇ္ဇအသံ

၄။ ဂန္ဓာရအသံ

၅။ မဇ္ဈိမအသံ

၆။ ပဉ္စမအသံ

၇။ နိသာဒအသံ (၁၃၂)


## (၂၅) အသံ(၇)ပါးကို မြည်သောသတ္တဝါ (၇)မျိုး


၁။ နွားတို့သည်ဥသဘအသံကို မြည်ကြကုန်၏။

၂။ မြင်းတို့သည် ဓေဝတအသံကို မြည်ကြကုန်၏။

၃။ ဥဒေါင်းတို့သည် ဆဇ္ဇအသံကို မြည်ကြကုန်၏။

၄။ ဆိတ်တို့သည်ဂန္ဓာရအသံကို မြည်ကြကုန်၏။

၅။ ကြိုးကြာတို့သည် မဇ္ဈိမအသံကို မြည်ကြကုန်၏။

၆။ ဥသြစသည်တို့သည် ပဉ္စမအသံကို မြည်ကြကုန်၏။

၇။ ဆင်တို့သည် နိသာဒအသံကိုမြည်ကြကုန်၏။ (၁၃၃)


## (၂၆) အသံအစေါင်း ဂါမအသံ(၃)ပါး


၁။ ဆဇ္ဇဂါမ

၂။ မဇ္ဈိမဂါမ

၃။ သာဓာရဏဂါမ (၁၃၃)

## (၂၇) မူစ္ဆနာအသံ (၂၁)ပါး

၁။ ဥသဘာအသံ (၃)ပါး
၂။ ဓေဝတာအသံ (၃)ပါး
၃။ ဆဇ္ဇအသံ (၃)ပါး
၄။ ဂန္ဓာရအသံ (၃)ပါး
၅။ မဇ္ဈိမအသံ (၃)ပါး
၆။ ပဉ္စမအသံ (၃)ပါး
၇။ နိသာဒအသံ (၃)ပါး။ (စုစုပေါင်း - ၂၁ ပါး) (၁၃၅)

## (၂၈) တာနအသံ (၄၉) ပါး

၁။ ဥသဘာအသံ (၇)ပါး
၂။ ဓေဝတာအသံ (၇)ပါး
၃။ ဆဇ္ဇအသံ (၇)ပါး
၄။ ဂန္ဓာရအသံ (၇)ပါး
၅။ မဇ္ဈိမအသံ (၇)ပါး
၆။ ပဉ္စမအသံ (၇)ပါး
၇။ နိသာဒအသံ (၇)ပါး (၁၃၅)

## (၂၉) အသံ(၂၂)ပါးအကျဉ်းချုပ်

၁။ ဥသဘာအသံ (၃)ပါး
၂။ ဓေဝတာအသံ (၂)ပါး
၃။ ဆဇ္ဇအသံ (၄)ပါး
၄။ ဂန္ဓာရအသံ (၄)ပါး
၅။ မဇ္ဈိမအသံ (၃)ပါး
၆။ ပဉ္စမအသံ (၂)ပါး

၇။ နိသာဒအသံ (၄)ပါး (၁၃၆)

### (၃၀) ဥဿတအသံ (၃) ပါး

၁။ တာရအသံ
၂။ မန္ဒအသံ
၃။ ကာလအသံ (၁၃၆)

### (၃၁) ဓေဝတအသံ (၂)ပါး

၁။ တာရအသံ
၂။ မန္ဒအသံ (၁၃)

### (၃၂) ဆဇ္ဇအသံ (၄)ပါး

၁။ တာရအသံ
၂။ ကာလအသံ
၃။ မန္ဒအသံ
၄။ ကာကလီအသံ (၁၃၆)

### (၃၃) ဂန္ဓာရအသံ (၄)ပါး

၁။ တာရအသံ
၂။ ကာလအသံ
၃။ မန္ဒအသံ
၄။ ကာကလီအသံ (၁၃၆)

### (၃၄) မဇ္ဈိမအသံ (၃)ပါး

၁။ တာရအသံ
၂။ ကာလအသံ

၃။ ကာကလီအသံ (၁၃၆)

### (၃၅) ပဉ္စမအသံ (၂)ပါး

၁။ ကာလအသံ

၂။ ကာကလီအသံ (၁၃၆)

### (၃၆) နိသာဒအသံ (၄)ပါး

၁။ တာရအသံ

၂။ ကလအသံ

၃။ မန္ဒအသံ

၄။ ကာကလီအသံ (၁၃၆)

### (၃၇) တူရိယာ – စည် (၅)မျိုး

၁။ အာတတ = အာတတစည်

၂။ ဝိတတ = ဝိတတစည်

၃။ အာတတဝိတတ = အာတတဝိတတစည်

၄။ ဃန = ဃနစည်

၅။ သုသိရ = သုသိရစည် (၁၃၉)

### (၃၈) မုရိုးစည်အထူး (၃)ပါး

၁။ အာလိင်္ဂ = လည်ပင်း၌ဆွဲ၍တီးအပ်သောမုရိုးစည်။

၂။ အင်္ကျ = ရင်ခွင်၌ထား၍တီးအပ်သောမုရိုးစည်။

၃။ ဥဒ္ဓက = အထက်သို့လှည့်သောအဝဖြင့်တီးအပ်သောမုရိုးစည်။ (၁၄၃)

## (၃၉) နံ့သာ (၄)မျိုး

၁။ ကုင်္ကုမ = ကုင်္ကမံ

၂။ ယဝနပုပ္ဖ = လေးညှင်းပွင့်

၃။ တဂရ = တောင်ဇလပ်

၄။ တုရုက္ခ = ကမျဉ်း (၁၄၇)

## (၄၀) အရသာ (၆) ပါး

၁။ ကသာဝ = အဖန်

၂။ တိတ္တ = အခါး

၃။ မဓုရ = အချို

၄။ လဝဏ = အငန်

၅။ အမ္ဗိလ = အချဉ်

၆။ ကဋုက = အစပ် (၁၄၈)

(၄၁) ဝိရိယအင်္ဂါ (၄) ပါး

၁။ တစအဝသိဿန = အရေ၏ကြွင်းကျန်ခြင်း။

၂။ နဟာရုအဝသိဿန = အကြော၏ကြွင်းကျန်ခြင်း။

၃။ အဋ္ဌိအဝသိဿန = အရိုး၏ကြွင်းကျန်ခြင်း။

၄။ မံသလောဟိတသုဿန = အသားအသွေးတို့၏ခြောက်ကပ်ခြင်း။

(၁၅၇)

(၄၂) မိန်းမတို့၏အမူအရာ (၆) ပါး

၁။ ဝိလာသ = ချစ်သူအနီးသို့သွားသောအခါ အကြည့်အရှုအသွား အလာတို့၏ဖောက်ပြန်ခြင်းအမူ။

၂။ လလိတ = အလွန်နူးညံ့သောအစီအရင်ဖြင့် မျက်ခုံးမျက်လုံး စသည်တို့၏အမူအရာနှင့်တကွ လက်ခြေအင်္ဂါတို့ကို

ကောင်းစွာထားခြင်းအမှု။

၃။ လီလာ = ချစ်အပ်သူ၏အတုဟန်ပန်မူခြင်းအမှု။

၄။ ဟာဝ = မွေ့လျော်ပျော်ပါးလိုခြင်းကိုပြတတ်သော မသိမသာ မထင်ရှားသောအမူအရာ။

၅။ ဟေဋ္ဌာ = မွေ့လျော်ပျော်ပါးလိုခြင်းကိုပြတတ်သော သိသာ ထင်ရှားသောအမူအရာ။

၆။ ဝိဗ္ဘမ = ယစ်မူးတပ်စွန်း ရှင်လန်းခြင်းကြောင့် လုပ်မိလုပ်ရာ ယောင်မှားချွတ်ယွင်းတန်ဆာဆင်ခြင်းအမှု။ (၁၇၄)

(၄၃) ကျွန်းကြီး (၄) ကျွန်း

၁။ ပုဗ္ဗဝိဒေဟ = အရှေ့ကျွန်း

၂။ အပရဂေါယာန = အနောက်ကျွန်း

၃။ ဇမ္ဗူဒီပ = တောင်ကျွန်း

၄။ ဥတ္တရကုရု = မြောက်ကျွန်း (၁၈၃)

(၄၄) တိုင်းကြီး (၂၁) တိုင်း

၁။ ကုရု = ကုရုတိုင်း။

၂။ သက္ကာ = သက္ကတိုင်း။

၃။ ကောသလာ = ကောသလတိုင်း။

၄။ မဂဓာ = မဂဓတိုင်း။

၅။ သိဝီ = သိဝိတိုင်း။

၆။ ကလိင်္ဂါ = ကလိင်္ဂတိုင်း။

၇။ အဝန္တီ = အဝန္တိတိုင်း။

၈။ ပဉ္စာလာ = ပဉ္စာလတိုင်း။

| | | | |
|---|---|---|---|
| ၉။ | ဝဇ္ဇီ | = ဝဇ္ဇီတိုင်း။ | |
| ၁၀။ | ဂန္ဓာရ | = ဂန္ဓာရတိုင်း။ | |
| ၁၁။ | စေတယ | = စေတယတိုင်း။ | |
| ၁၂။ | ဝင်္ဂ | = ဝင်္ဂတိုင်း။ | |
| ၁၃။ | ဝိဒေဟာ | = ဝိဒေဟာတိုင်း။ | |
| ၁၄။ | ကမ္ဗောဇ | = ကမ္ဗောဇတိုင်း။ | |
| ၁၅။ | မဒ္ဒါ | = မဒ္ဒတိုင်း။ | |
| ၁၆။ | ဘဂ္ဂါ | = ဘဂ္ဂတိုင်း။ | |
| ၁၇။ | အင်္ဂါ | = အင်္ဂတိုင်း။ | |
| ၁၈။ | သီဟဠာ | = သီဟဠတိုင်း။ | |
| ၁၉။ | ကသ္မီရာ | = ကသ္မီရတိုင်း။ | |
| ၂၀။ | ကာသိ | = ကာသိတိုင်း။ | |
| ၂၁။ | ပဏ္ဍုဝါဒီ | = ပဏ္ဍုတိုင်း စသည်။ (၁၈၄ - ၅) | |

(၄၅) ခရီးအထူး (၂) ပါး

| | | | |
|---|---|---|---|
| ၁။ | ဇဃ်မဂ္ဂ | = ခြေကြောင်းခရီး။ | |
| ၂။ | သကဋမဂ္ဂ | = လှည်းကြောင်းခရီး။ | (၁၉၁) |

(၄၆) အိမ်အင်္ဂါ (၃) ပါး

| | | | |
|---|---|---|---|
| ၁။ | သံဃာတ | = လျှောက်။ | |
| ၂။ | ပက္ခပါသ | = ခေါင်ချုပ် ခေါင်အုပ်။ | |
| ၃။ | တုလာ | = ထုတ်,ရက်မ။ | (၂၂၃) |

(၄၇) လက်ငါးချောင်းအမည် (၅) ပါး

| | | | |
|---|---|---|---|
| ၁။ | အင်္ဂုဋ္ဌ | = လက်မ | |

၂။ တဇ္ဇနီ = လက်ညှိုး

၃။ မဇ္ဈိမ = လက်ခလယ်

၄။ အနာမိက = လက်သူကြွယ်

၅။ ကနိဋ္ဌ = လက်သန်း။ (၂၆၆)

(၄၈) လက်အထွာ (၄) ပါး

၁။ ပဒေသ = လက်ညှိုးထွာ

၂။ တာလ = လက်ခလယ်ထွာ

၃။ ဂေါကဏ္ဏ = လက်သူကြွယ်ထွာ

၄။ ဝိဒတ္ထိ = လက်သန်းထွာ။ (၂၆၇)

(၄၉) တန်ဆာအထူး (၄) ပါး

၁။ မုခဖုလ္လ = မျက်နှာတန်ဆာ

၂။ ဥဏ္ဏာတ = နဖူးစည်းတန်ဆာ

၃။ ဥဂ္ဂတ္ထန = ရင်သားလွှမ်းတန်ဆာ (ဝါ) လေးသွယ်ရှိသော ပုလဲကုံး။

၄။ ဂိဂ်မက = ၃၂ - သွယ်ရှိသော ပုလဲကုံး။ (၂၈၉)

(၅၀) အဝတ်အထူး (၈) ပါး

၁။ ခေါမ = ခုံချည်အဝတ်

၂။ ဒုကူလ = လျှော်ချည်အဝတ်

၃။ ကောသေယျ = ပိုးချည်အဝတ်

၄။ ပတ္တုဏ္ဏ = ဖွပ်လျှော်ပြီးသော ပိုးချည်အဝတ် (ဝါ) ပတ္တုဏ္ဏတိုင်းဖြစ် ပိုးထည်အဝတ်။

၅။ ကမ္ဗလ = သိုးမွှေးချည်အဝတ်

၆။ သာဏ = သျှမ်းချည်အဝတ် (ဝါ)ပိုက်ဆံလျှော်ချည် အဝတ်။

၇။ ကောဋမ္ဗရ = ကောဋမ္ဗရတိုင်းဖြစ်အဝတ်။

၈။ ဘင်္ဂ = ဘန်ချည်အဝတ် (ဝါ)ချည်အမျိုးမျိုးရောသောအဝတ်။

(၂၉၁)

(၅၁) သက်န်းအစိတ် (၃) ပါး

၁။ မဏ္ဍလ = အိမ်ဝန်းကြီး ။

၂။ ဝိဝဋ္ဋ = ခေါင်စပ် ။

၃။ ကုသိ = မြောင်းရှည်, အနံ, အနားပတ်စသည်။

(၂၉၆)

(၅၂) အဝတ်အမျိုးအစား (၄) ပါး

၁။ ဖလ = အသီးမှဖြစ်သောအဝတ်။

၂။ တစ = အခေါက်မှဖြစ်သောအဝတ်။

၃။ ကိမိ = ပိုးကောင်မှဖြစ်စသောအဝတ်။

၄။ ရောမ = သားမွေးမှဖြစ်သောအဝတ်။ (၂၉၇)

(၅၃) (တနည်း) အဝတ်အမျိုးအစား (၄) ပါး

၁။ ကပ္ပါသိက = အသီးမှဖြစ်သောအဝတ်။

၂။ ခေါမာဒိ = သစ်ခွံသစ်ခေါက်မှဖြစ်သောအဝတ်။

၃။ ကောသေယျ = ပိုးကောင်မှဖြစ်သောအဝတ်။

၄။ ကမ္ဗလ = သားမွေးမှဖြစ်သောကမ္ဗလာအထည်။

(၂၉၈)

(၅၄) စန္ဒကူး (၅) မျိုး

၁။ မလယဇ = မလယစန္ဒကူး။
၂။ ဂေါသီသ = ဂေါသီသစန္ဒကူး။
၃။ တေလပဏ္ဏိက = တေလစန္ဒကူး (နံ့သာဖြူ)။
၄။ ဟရိစန္ဒန = စန္ဒကူးရွှေ။
၅။ ရတ္တစန္ဒန = စန္ဒကူးနီ။ (၃၀၀)

(၅၅) ညောင်စောင်းအထူး (၄) ပါး

၁။ ကုဠိရပါဒ = ပုဇွန်ခြေသဏ္ဍာန်အခြေရှိသော ညောင်စောင်း။
၂။ အာဟစ္စပါဒ = အပေါင်၌အခြေစွပ်သော ညောင်စောင်း။
၃။ မသာရက = အခြေ၌အပေါင်စွပ်သော ညောင်စောင်း။
၄။ ဗုန္ဒိကာဗဒ္ဓ = အခြေနှင့်တစ်စပ်တည်း အပေါင်ရှိသော ညောင်စောင်း။ (၃၁၀)

(၅၆) အနာရောဂါအထူး (၇) ပါး

၁။ ဘဂန္ဒလာ = ဘဂန္ဒိုရ်နာ (ဝါ) ဂရင်ဂျီနာ။
၂။ မေဟ = ဆီးလွန်နာ။
၃။ ဇရ = ဖျားနာ။
၄။ ကာသ = ချောင်းဆိုးနာ။
၅။ သာသ = ပန်းနာ။
၆။ ကုဋ္ဌ = နူနာ။
၇။ သူလ = ကိုက်ခဲသောအနာ။ (၃၂၉)

(၅၇) အမျိုးကြီး (၄) ပါး

၁။ ခတ္တိယ = မင်းမျိုး။
၂။ ဗြာဟ္မဏ = ပုဏ္ဏားမျိုး။

၃။ ဝေသ = ကုန်သည်မျိုး။

၄။ သုဒ္ဒ = သူဆင်းရဲမျိုး။ (၃၃၂)

(၅၈) ယသောဓရာမိဖုရား၏အမည် (၄) မျိုး

၁။ ဘဒ္ဒကစ္စာနာ။

၂။ ရာဟုလာမာတာ။

၃။ ဗိမ္ဗာ။

၄။ ယသောဓရာ။ (၃၃၆)

(၅၉) မိတ်ဆွေ (၂) မျိုး

၁။ သမ္ဘတ္တ = မိတ်ဆွေချစ်။

၂။ သန္ဒိဋ္ဌ = မြင်ဖူးကာမျှမိတ်ဆွေ။ (၃၄၆)

(၆၀) ဥပါယ် (၄) ပါး

၁။ ဘေဒ = ရန်သူတို့၏အသင်းအပင်း၌ အချင်းချင်းကွဲပြားစေခြင်း ဟူသော ဘေဒဥပါယ်။

၂။ ဒဏ္ဍ = ဖိစီးနှိပ်ကွပ် ဒဏ်တပ်ခြင်းဟူသော ဒဏ္ဍဥပါယ်။

၃။ သာမ = စိတ်ကျေချမ်းအောင်ပြုခြင်း စကားပြောခြင်းဟူသော သာမဥပါယ်။

၄။ ဒါန = လက်ဆောင်ပဏ္ဏာစသည်ပေးခြင်းဟူသော ဒါနဥပါယ်။ (၃၄၈)

(၆၁) တိုင်းပြည်အင်္ဂါ (၇) ပါး

၁။ သာမီ = ပြည့်ရှင်မင်း။

၂။ အမစ္စ = မှူးမတ်။

၃။ သခါ = မဟာမိတ်မင်း။

၄။ ကောသ = ဘဏ္ဍာကျီကျ။
၅။ ဒုဂ္ဂ = ခံတပ်ကတုတ်။
၆။ ဝိဇိတ = နိုင်ငံနယ်ပယ်။
၇။ ဗလ = စစ်သည်ဗိုလ်ပါ။

(၃၅၀)

*မှတ်ချက်။ ။ ပကတိတိုင်းသူပြည်သားထည့်က (၈)ပါးဖြစ်သည်။*

(၆၂) သတ္တိ (၃) ပါး

၁။ ပဘုသတ္တိ = ဥစ္စာအင်အား ဒဏ်ထားခြင်းကြောင့်ဖြစ်သော တန်ခိုး။
၂။ ဥဿာဟသတ္တိ = လုံ့လစွမ်းပကားကြောင့်ဖြစ်သောတန်ခိုး။
၃။ မန္တသတ္တိ = အတိုင်အပင်အကြံအစည်ဉာဏ်ကြောင့် ဖြစ်သောတန်ခိုး။ (၃၅၁)

(၆၃) မင်းမြောက်တန်ဆာ (၅) ပါး

၁။ ခဂ္ဂ = သံလျက်။
၂။ ဆတ္တ = ထီးဖြူ။
၃။ ဥဏှီသ = သင်းကျစ်။
၄။ ပါဒုက = ခြေနင်း။
၅။ ဝါလဗီဇနီ = စာမရီသားမြီးခြင်ခတ်။ (၃၅၈)

(၆၄) စစ်အင်္ဂါ (၄) ပါး

၁။ ဟတ္ထိ = ဆင်တပ်။
၂။ အဿ = မြင်းတပ်။
၃။ ရထ = ရထားတပ်။
၄။ ပတ္တိ = ခြေလျင်တပ်။ (၃၅၉)

(၆၅) ဆင် (၁၀) မျိုး

၁။ ကာဠာဝက = ကာဠာဝက ဆင်းမျိုး။
၂။ ဂင်္ဂေယျ = ဂင်္ဂေယျ ဆင်းမျိုး။
၃။ ပဏ္ဍရ = ပဏ္ဍရ ဆင်းမျိုး။
၄။ တမ္ဗ = တမ္ဗ ဆင်းမျိုး။
၅။ ပိင်္ဂလ = ပိင်္ဂလ ဆင်းမျိုး။
၆။ ဂန္ဓ = ဂန္ဓ ဆင်းမျိုး။
၇။ မင်္ဂလ = မင်္ဂလ ဆင်းမျိုး။
၈။ ဟေမ = ဟေမ ဆင်းမျိုး။
၉။ ဥပေါသထ = ဥပေါသထ ဆင်းမျိုး။
၁၀။ ဆဒ္ဒန္တ = ဆဒ္ဒန္တ ဆင်းမျိုး။ (၃၆၁)

(၆၆) ရထားအစိတ်အပိုင်း (၂) မျိုး

၁။ အက္ခ = ဝင်ရိုး။
၂။ ဥပက္ခရ = အပေါင် (ဝါ) ရထင်္ဂသာမည။ (၃၇၅)

(၆၇) လက်နက် (၄) မျိုး

၁။ မုတ္တာမုတ္တ = လက်မှလွှတ်လိုလျှင် လွှတ်ရ၊ မလွှတ်လိုလျှင် မလွှတ်ရသော တုတ်,တင်းပုတ်စသောလက်နက်။
၂။ အမုတ္တ = မလွှတ်အပ်သည်သာဖြစ်သောသံလျက်, ဓားမြောင်စသောလက်နက်။
၃။ မုတ္တမေဝ = လွှတ်အပ်သည်သာဖြစ်သော လှံစသောလက်နက်။
၄။ ယန္တမုတ္တ = ယန္တရားစက်မောင်းဖြင့် လွှတ်အပ်သော မြှားစသော လက်နက်။

***မှတ်ချက်။ ။ (၃၈၆ - ၃၈၇ -) တို့ကို ပေါင်းရေးထားပါသည်။***

(၆၈) လက်နက်အထူး (၆) ပါး

၁။ ကဏယ = သံစူး, သံတူးရှင်း။
၂။ ဘိန္ဒိဝါဠ = ခက်ရင်း။
၃။ စက္က = စက်လက်နက်။
၄။ ကုန္တ = လှံမ, လှံရှည်။
၅။ ဂဒါ = တင်းပုတ်လက်နက်။
၆။ သတ္တိ = လှံ။ (၃၉၄)

(၆၉) အဿမပုဂ္ဂိုလ် (၄) ဦး

၁။ ဗြဟ္မစာရီ = ဗေဒကိုသရဇ္ဈာယ်လျက်မြတ်သောအကျင့်ရှိသူ။
၂။ ဂဟဋ္ဌ = ဓမ္မ,အတ္ထ,ကာမတို့၌တည်လျက် ယဇ်ပူဇော်သူ။
၃။ ဝနပတ္ထ = တော၏အစိတ် လူသူဆိတ်ရာ၌နေလျက် ကျင့်သူ။
၄။ ဘိက္ခု = ဖန်ရည်ဆိုးသောအဝတ်ကိုဝတ်လျက် ဆွမ်းခံခြင်း, ဈာန်ဝင်စားခြင်း အကျင့်ရှိသူ။ (၄၀၉)

(၇၀) ယဇ်ကြီး (၅) ပါး

၁။ အဿမေဓ = အဿမေဓ ယဇ်။
၂။ ပုရိသမေဓ = ပုရိသမေဓ ယဇ်။
၃။ နိရဂ္ဂဠ = နိရဂ္ဂဠ ယဇ်။
၄။ သမ္မာပါသ = သမ္မာပါသ ယဇ်။
၅။ ဝါဇပေယျ = ဝါဇပေယျ ယဇ်။ (၄၁၃)

(၇၁) ပရိသတ် (၄) ပါး

၁။ ဘိက္ခု = ရဟန်းယောကျ်ား။

၂။ ဘိက္ခုနီ = ရဟန်းမိန်းမ။
၃။ ဥပါသကာ = ဒါယကာ။
၄။ ဥပါသိကာ = ဒါယိကာမ။ (၄၁၅)

(၇၂) ပရိသတ် (၈) ပါး

၁။ တာဝတိံသ = တာဝတိံသာနတ်။
၂။ ဒွိဇ = ပုဏ္ဏား။
၃။ ခတ္တ = မင်း။
၄။ မာရ = မာရ်နတ်။
၅။ ဂဟပတိ = သူဌေးသူကြွယ်။
၆။ သမဏ = ရဟန်း။
၇။ စာတုမဟာရာဇိက = စတုမဟာရာဇ်နတ်။
၈။ ဗြဟ္မာ = ဗြဟ္မာ။ (၄၁၆)

(၇၃) မီး (၃) ပါး

၁။ ဂါဟပစ္စ(ဂဟပတဂ္ဂိ) = အိမ်ရှင်နှင့်စပ်သောမီး (ဝါ)အိမ်ရှင်လင်ဟူသောမီး။
၂။ အာဟဝနီယ(အာဟုနေယျဂ္ဂိ) = ပူဇော်အပ်သောမီး (ဝါ)မိဘဟူသောမီး။
၃။ ဒက္ခိဏာဂ္ဂိ(ဒက္ခိဏေယျဂ္ဂိ) = အလှူဒါနကိုစွန့်ရာဖြစ်သောမီး (ဝါ)အလှူခံရဟန်းဟူသောမီး။ (၄၁၉)

(၇၄) စွန့်ခြင်းကြီး (၅) ပါး

၁။ သေဋ္ဌဓနပရိစ္စာဂ = မြတ်သောဥစ္စာကိုစွန့်ခြင်း။

၂။ ပုတ္တပရိစ္စာဂ = သားသမီးကိုစွန့်ခြင်း။
၃။ ဒါရပရိစ္စာဂ = မယားကိုစွန့်ခြင်း။
၄။ ရဇ္ဇပရိစ္စာဂ = တိုင်းပြည်ကိုစွန့်ခြင်း။
၅။ အင်္ဂပရိစ္စာဂ = လက်,ခြေစသောအင်္ဂါကြီးငယ်ကိုစွန့်ခြင်း။
(၄၂၁)

(၇၅) ဒါနဝတ္ထု(၁၀)ပါး

၁။ အန္န = ထမင်း။
၂။ ပါန = အဖျော်။
၃။ ဃရ = ကျောင်း,ဇရပ်။
၄။ ဝတ္ထ = အဝတ်, သင်္ကန်း။
၅။ ယာန = ယာဉ်,ဖိနပ်။
၆။ မာလာ = ပန်း။
၇။ ဝိလေပန = နံ့သာပျောင်း,နံ့သာရည်။
၈။ ဂန္ဓ = နံ့သာတုံး,နံ့သာခဲ။
၉။ သေယျ = ညောင်စောင်း,အင်ပျဉ်,အိပ်ရာ,နေရာ။
၁၀။ ပဒီပေယျ = မီးထွန်းရန်ဆီ, ဆီမီးခွက်စသည်။ (၄၂၂)

(၇၆) အရှင်သာရိပုတ္တရာ၏နာမည်(၃)မျိုး

၁။ သာရိပုတ္တရာ။
၂။ ဥပတိဿ။
၃။ ဓမ္မသေနာပတိ။ (၄၃၄)

(၇၇) အရှင်မောဂ္ဂလာန်၏နာမည်(၂)မျိုး

၁။ ကောလိတ။
၂။ မောဂ္ဂလာန။ (၄၃၅)

(၇၈) ညီတော်အာနန္ဒာ၏နာမည် (၂) မျိုး

၁။ ဓမ္မဘဏ္ဍာဂါရိက။

၂။ အာနန္ဒာ။ (၄၁၆)

(၇၉) ဝိသာခါကျောင်းအမ၏နာမည် (၂) မျိုး

၁။ ဝိသာခါ။ ၂။ မိဂါရမာတာ။ (၄၁၇)

(၈၀) အနာထပိဏ်သူဌေး၏နာမည် (၂) မျိုး

၁။ သုဒတ္တ။

၂။ အနာထပိဏ္ဍိက။ (၄၁၇)

(၈၁) သီတင်းသုံးဖော် (၅) ဦး

| | | |
|---|---|---|
| ၁။ ဘိက္ခု | = ရဟန်းယောကျ်ား။ | |
| ၂။ သာမဏေရ | = သာမဏေယောကျ်ား။ | |
| ၃။ သိက္ခမာနာ | = သိက္ခမာန်မ။ | |
| ၄။ ဘိက္ခုနီ | = ရဟန်းမိန်းမ။ | |
| ၅။ သာမဏေရီ | = သာမဏေမိန်းမ။ | (၄၁၇) |

(၈၂) ပရိက္ခရာ (၈) ပါး

| | | |
|---|---|---|
| ၁။ ပတ္တ | = သပိတ်။ | |
| ၂။ တိစီဝရ | = သင်္ကန်းသုံးထည်။ | |
| ၃။ ။ | = သင်္ကန်းသုံးထည်။ | |
| ၄။ ။ | = သင်္ကန်းသုံးထည်။ | |
| ၅။ ကာယဗန္ဓန | = ခါးပန်းကြိုး။ | |
| ၆။ ဝါသိ | = ပဲခွပ် (ခေါင်းရိတ်ဓား) | |
| ၇။ သူစိ | = အပ်။ | |
| ၈။ ပရိဿာဝန | = ရေစစ်။ | (၄၁၉) |

(၈၃) ပါသဏ္ဍာအယူ (၉၆) ပါး

၁။ ကုဋီသကစသောအယူ = ၃၄ - ပါး

၂။ မိစ္ဆာဒိဋ္ဌိအယူ = ၆၂ - ပါး (၄၄၁)

(၈၄) သီလ (၄) မျိုး

၁။ အာဘိသမာစာရိက = ခုဒ္ဒ,အနုခုဒ္ဒကဖြစ်သောစာရိတ္တသီလ။

၂။ အာဒိဗြဟ္မစရိယ = ခုဒ္ဒါနုခုဒ္ဒကမှတစ်ပါးသော သိက္ခာပဒသီလ။

၃။ ယမ = အမြဲကိုယ်ဖြင့်ပြီးသည်ကို ငဲ့ခြင်းရှိသော ပါဏာတိပါတစသည်မှ ကြဉ်ခြင်းအမှု၊ (ငါးပါးသီလ)။

၄။ နိယမ = အမြဲမဟုတ် ရံခါအခိုက်အတန့်ဖြင့် ပြီးစေအပ်သော ဥပုသ်သုံးခြင်းစသော မှု၊ (ဥပုသ်သီလ)။ (၄၄၃/၄)

(၈၅) ကုန်သည် သူကြွယ်တို့၏အသက်မွေးမှု (၃)ပါး

၁။ ကသိကမ္မ = လယ်ယာလုပ်ခြင်း(လယ်ထွန်ခြင်း)။

၂။ ဝါဏိဇ္ဇ = ရောင်းဝယ်ခြင်း(ကုန်သွယ်ခြင်း)။

၃။ ဂေါရက္ခ = နွားမွေးခြင်း။ (၄၄၅)

(၈၆) စပါး (၇) မျိုး

၁။ သာလိ = သလေး(ကောက်ကြီး)။

၂။ ဝီဟိ = ကောက်လတ်။

၃။ ကုဒြူသ = လူး။

၄။ ဂေါဓုမ = ဂျုံ။

၅။ ဝရက = ပြောင်း။

၆။ ယဝ = မုယော။

၇။ ကင်္ဂု = ဆပ်။ (၄၅၀)

(၈၇) ဆား (၅) မျိုး

၁။ သာမုဒ္ဒ = သမုဒ္ဒရာရေမှဖြစ်သောဆား။

၂။ သိန္ဓဝ = သိန္ဓောဆား။

၃။ ကာဠလောဏ = ဆားပုပ်။

၄။ ဥဗ္ဘိဒ = တွင်းထွက်ဆား။

၅။ ဗိဠက = ချက်ဆား။ (၄၆၁)

(၈၈) ကြံအထူး (၅) ပါး

၁။ ဂုဠ = ကြံသကာခဲ (ဝါ)ထန်းလျက်။

၂။ ဖာဏိတ = တင်လဲရည်။

၃။ ခဏ္ဍ = သကြားနီ။

၄။ မစ္ဆဏ္ဍီ = သကာ (ဝါ)မှန်ရောင်သကြားခဲ။

၅။ သက္ခရာ = သကြားဖြူ။ (၄၆၂)

(၈၉) အစာ (၄) မျိုး

၁။ ခဇ္ဇ = ခဲဘွယ်။

၂။ ဘောဇ္ဇ = စားဘွယ်။

၃။ လေယျ = လျက်ဘွယ်။

၄။ ပေယျ = သောက်ဘွယ်။ (၄၆၆)

(၉၀) မာန(နှိုင်းယှဉ်ခြင်း) (၃) ပါး

၁။ တုလာမာန = ချိန်ခွင်ဖြင့်နှိုင်းယှဉ်ခြင်း။

| | | | |
|---|---|---|---|
| ၂။ | ပတ္တမာန | = ချင့်တောင်းဖြင့် နှိုင်းယှဉ်ခြင်း။ | |
| ၃။ | အင်္ဂုလိမာန | = လက်သစ်ဖြင့် နှိုင်းယှဉ်ခြင်း။ | (၄၇၈) |

(၉၁) ရွှေအထူး (၄) ပါး

| | | | |
|---|---|---|---|
| ၁။ | စာမီကရ | = ဂီဝါရွှေ။ | |
| ၂။ | သာတကုမ္ဘ | = နိတုံရွှေ။ | |
| ၃။ | ဇမ္ဗုနဒ | = ဇမ္ဗူရာဇ်ရွှေ။ | |
| ၄။ | သိင်္ဂီ | = သိင်္ဂနိက်ရွှေ။ | (၄၈၈) |

(၉၂) ရတနာ (၇) ပါး

| | | | |
|---|---|---|---|
| ၁။ | သုဝဏ္ဏ | = ရွှေ ။ | |
| ၂။ | ရဇတ | = ငွေ ။ | |
| ၃။ | မုတ္တာ | = ပုလဲ ။ | |
| ၄။ | မဏိ | = ပတ္တမြား ။ | |
| ၅။ | ဝေဠုရိယ | = ကြောင် (ကြောင်မျက်ရွဲ)။ | |
| ၆။ | ဝဇိရ | = စိန် ။ | |
| ၇။ | ပဝါဠ | = သန္တာ ။ | (၄၉၀) |

(၉၃) ဂေါရသ (၅) ပါး

| | | | |
|---|---|---|---|
| ၁။ | ခီရ | = နို့ရည်။ | |
| ၂။ | ဒဓိ | = နို့ချဉ်။ | |
| ၃။ | ဃတ | = ထောပတ်။ | |
| ၄။ | တက္က | = ရက်တက်။ | |
| ၅။ | နောနီတ | = ဆီဦး ။ | (၅၀၁) |

(၉၄) ကပြား (၃) ယောက်

၁။ မာဂဓ = သုဒ္ဒမျိုးယောက်ျားကြောင့် မင်းမျိုးမိန်းမမှ ဖွားသောသား။

၂။ ဥဂ္ဂ = သုဒ္ဒမျိုးမိန်းမမှ မင်းမျိုးယောက်ျားကြောင့် ဖွားသောသား။

၃။ သုတ = ပြဟ္မဏမျိုးမှ မင်းမျိုးယောက်ျားကြောင့် ဖွားသောသား။

(၅၀၃/၄)

(၉၅) အတတ်သည် (၅) မျိုး

၁။ တစ္ဆက = လက်သမား။

၂။ တန္တဝါယ = ယက္ကန်းသည်။

၃။ ရဇက = ခဝါသည်။

၄။ နဟာပိတ = ဆတ္တာသည်။

၅။ စမ္မကာရ = ဖိနပ်ချုပ်သမား။ (၅၀၅)

(၉၆) ကျွန် (၄) ယောက်

၁။ အန္တောဇာတ = အိမ်ပေါက်ကျွန်။

၂။ ဓနက္ကီတ = ငွေဝယ်ကျွန်။

၃။ သယံဒါသဗျောပဂတ = အလိုအလျောက်ကျွန်ခံသူ။

၄။ ကရမရာနီတ = သုံ့ရကျွန်။ (၅၁၅)

(၉၇) ပန်းပဲသမား၏ကြိယာ (၃) မျိုး

၁။ သဏ္ဍာသ = ညှပ်။

၂။ မုဋ္ဌိ = သံတူ။

၃။ အဓိကရဏီ = ပေ။ (၅၂၇)

(၉၈) ခရမ်း (၃) မျိုး

၁။ နိဒိဒ္ဓိကာ = မြေပုံခရမ်း။

၂။ ဝါတိင်္ဂဏ = ခရမ်းကြီး။

၃။ ဝါတ္တာကီ = ခရမ်းကစော့။ (၅၈၅/၈)

(၉၉) ဟင်းရွက်မျိုး (၁၀) ပါး

၁။ မူလ = အမြစ်။
၂။ ပတ္တ = အရွက်။
၃။ ကဠီရ = အညှောက်။
၄။ အဂ္ဂ = အညွန့်။
၅။ ကန္ဒ = အဖု (အဥ)။
၆။ မိဉ္ဇာ = အနှစ် (အဆန်)။
၇။ ဖလ = အသီး။
၈။ တစ = အခွံအခေါက်။
၉။ ပုပ္ဖ = အပွင့်။
၁၀။ ဆတ္တ = မှို။ (၅၉၃)

(၁၀၀) ကြက်သွန် (၂) မျိုး

၁။ လသုဏ = ကြက်သွန်ဖြူ။
၂။ သုကန္ဒက = ကြက်သွန်နီ။ (၅၉၅)

(၁၀၁) ဟင်းရွက်အထူး (၅) မျိုး

၁။ တမ္ဗက = ဟင်းနုနယ်။
၂။ ကလမ္ဗက = ကန်စွန်း။
၃။ ကာသမဒ္ဒ = ကစော့။
၄။ ဈဇ္ဈရီ = ကန့်ဂလာ။
၅။ ဖဂ္ဂဝ = ပိတ်သင်းခတ်။ (၅၉၈)

(၁၀၂) မြက်မျိုး (၇) ပါး

၁။ ဟိန္တာလ = မင်းဘော။
၂။ တာလ = ထန်း။
၃။ ခဇ္ဇူရီ = စွန်ပလွန်။
၄။ နာဠိကေရ = အုန်း။
၅။ တာလီ = ပေ။
၆။ ကေတကီ = ဆတ်သွား။
၇။ ပူဂ = ကွမ်းသီးပင်။ (၆၀၄)

(၁၀၃) တောင်အထူး (၇) မျိုး

၁။ ဂိဇ္ဈကူဋ = ဂိဇ္ဈကုဋ်တောင်။
၂။ ဝေဘာရ = ဝေဘာရတောင်။
၃။ ဝေပုလ္လ = ဝေပုလ္လတောင်။
၄။ ဣသိဂိလိ = ဣသိဂိလိတောင်။
၅။ ဝိဇ္ဈ = ဝိဇ္ဈတောင်။
၆။ ပဏ္ဍဝ = ပဏ္ဍဝတောင်။
၇။ ဝင်္က = ဝင်္ကတောင်။ (၆၀၆)

(၁၀၄) ဟိမဝန္တာ၏အထွတ် (၅) ခု

၁။ ဂန္ဓမာဒန = ဂန္ဓမာဒနတောင်။
၂။ ကေလာသ = ကေလာသတောင်။
၃။ စိတ္တကူဋ = စိတ္တကူဋတောင်။
၄။ သုဒဿန = သုဒဿနတောင်။
၅။ ကာလကူဋ = ကာလကူဋတောင်။ (၆၀၇)

(၁၀၅) သားကောင်အထူး(၈)မျိုး

| | | |
|---|---|---|
| ၁။ | စမရ | = စာမရီ။ |
| ၂။ | ပသဒ | = သမင်ပြောက်။ |
| ၃။ | ကုရင်္ဂ | = ဒရယ်။ |
| ၄။ | မိဂမာတုကာ | = ဆတ်။ |
| ၅။ | ရုရု | = ပြောင်။ |
| ၆။ | ရင်္ကု | = သမင်ဆီးစောက်။ |
| ၇။ | နီက | = ချိုများသောသမင်။ |
| ၈။ | သရဘ | = သရဘသား။ (၆၁၉) |

(၁၀၆) စမ္မယောနိသားကောင်(၃)မျိုး

| | | |
|---|---|---|
| ၁။ | ပိယက | = ပိယကမည်သောသား။ |
| ၂။ | စမူရု | = စမူရုမည်သောသား။ |
| ၃။ | ကဒလိမိဂ | = ဝံပိုင်မည်သောသား။ (၆၂၀) |

(၁၀၇) ငှက်အမျိုးမျိုး(၁၁)

| | | |
|---|---|---|
| ၁။ | ဝင္ကကာ | = ငုံး။ |
| ၂။ | ဇီဝဉ္စိဝ | = ဇီဝဇိုး။ |
| ၃။ | စကောရ | = စကောရငှက်။ |
| ၄။ | တိတ္တိရ | = ခါငှက်။ |
| ၅။ | သာဠိကာ | = သာလိကာငှက်။ |
| ၆ | ကရဝီက | = ကရဝိတ်။ |
| ၇။ | ရဝိဟံသ | = ဟသ်ာငှက်(ဝမ်းဘဲ)။ |
| ၈။ | ကုကုတ္ထက | = ဘုတ်။ |
| ၉။ | ကာရဏ္ဍဝ | = စစ်စလီ။ |

၁၀။ ပိလဝ = ငှက်ဘီလူး။

၁၁။ ပေါက္ခရသာတက = သင်္ကန်းဖွပ်ငှက်။ (၆၂၅၆)

(၁၀၈) လင်း (၅) ကောင်

၁။ ဂိဇ္ဈ = လင်းတ။

၂။ ကုလလ = လင်းယုန်။

၃။ ကလိင် = လင်းမြီးဆွဲ။

၄။ ဇတုကာ = လင်းနို့။

၅။ ဓမ္မနီ = လင်းမြွေ။ (၆၃၇,၆၄၄,၆၄၆,၆၅၂)

(၁၀၉) လင်းယုန် (၃) မျိုး

၁။ သကုဏဂ္ဃိ = သိမ်း။

၂။ အာဋ = စွန်။

၃။ ဒဗ္ဗိမုခဒ္ဓိဇ = ချိုးသိန်း။ (၆၃၇)

(၁၁၀) ကြက် (၄) မျိုး

၁။ ကုက္ကုဟ = ရေကြက်ကြီး။

၂။ သုဝ = ကြက်တူးရွေး။

၃။ ကုက္ကုဋ = ကြက်။

၄။ ဝနကုက္ကုဋ = တောကြက်။ (၆၄၀)

(၁၁၁) ဟင်္သာ (၃) မျိုး

၁။ ရာဇဟံသဟင်္သာ = နီကုန်သောခြေထောက်,နှုတ်သီးတို့ဖြင့် တင့်တယ်တောက်ပသော ကိုယ်အဆင်းဖြူသော ဟင်္သာ။

၂။ မလ္လိကာဟာသ်ာ = စိမ်းညစ်ကုန်သောခြေထောက်,နှုတ်သီးတို့ဖြင့် တင့်တယ်တောက်ပသော ကိုယ်အဆင်းဖြူ သောဟာသ်ာ။

၃။ ဓတရဋ္ဌဟာသ်ာ = မည်းနက်ကုန်သော ခြေထောက်,နှုတ်သီး တို့ဖြင့် တင့်တယ်တောက်ပသော ကိုယ်အဆင်းဖြူသော ဟာသ်ာ။ (၆၄၇)

(၁၁၂) အဘိဓာန်ကျမ်းလာ မြွေ (၆) မျိုး

၁။ သပ္ပရာဇ = ဝါသုကီမြွေမင်း။

၂။ ဝါဟာသ = စပါးကြီးမြွေ။

၃။ ဂေါနသ = စပါးအုံးမြွေ။

၄။ ရာဇုလ = ရေမြွေ။

၅။ ဓမ္မနီ = လင်းမြွေ။

၆။ နီလသပ္ပ = မြွေစိမ်း။ (၆၅၀ - ၁ - ၂)

(၁၁၃) မြင့်မိုရ်တောင်ခြေ၌နေသော နဂါး (၂) မျိုး

၁။ ကမ္ဗလ မည်သောနဂါး။

၂။ အဿတရ မည်သောနဂါး။ (၆၅၂)

(၁၁၄)အဆိပ်အထူး (၂) မျိုး

၁။ ဟာလာဟလ အဆိပ်။

၂။ ကာဠကူဋ အဆိပ်။ (၆၅၅)

(၁၁၅) ငရဲကြီး (၈) ထပ်

၁။ သဉ္ဇီဝ = သဉ္ဇိုးငရဲ။

၂။ ကာဠသုတ္တ = ကာဠသုတ်ငရဲ။

၃။ မဟာရောရုဝ = မဟာရောရုဝငရဲ။
၄။ ရောရုဝ = ရောရုဝငရဲ။
၅။ ပတာပန = ပတာပနငရဲ။
၆။ အဝီစိ = အဝီစိငရဲ။
၇။ သဃာ်တ = သဃာ်တငရဲ။
၈။ တာပန = တာပနငရဲ။ (၆၅၇)

(၁၁၆) လှေအစိတ်အပိုင်း (၃) မျိုး

၁။ လင်္ကာရ = ရွက်။
၂။ ဝဋ္ဋာကရ = ရွက်ကြိုး။
၃။ ဖိယ = လှော်တက်။ (၆၆၈)

(၁၁၇) ငါးအထူး (၁၃) မျိုး

၁။ ရောဟိတ = ငါးကြင်း။
၂။ မဂ္ဂုရ = ငါးခူ။
၃။ သိင်္ဂီ = ငါးကျဲ။
၄။ ဗလဇ = ငါးပတ်။
၅။ မုဉ္စ = ငါးရံ့။
၆။ ပါဝုသ = ငါးတန်း။
၇။ သတ္တဝင်္က = ငါးရှဉ့်။
၈။ သဝင်္က = ငါးမြွေ။
၉။ နဠမီန = ငါးဖောင်ရိုး။
၁၀။ ဂဏ္ဍက = ငါးမန်း။
၁၁။ သုသုကာ = ငါးပူတင်း။
၁၂။ သဖရီ = ငါးခုံးမ။

| | | | |
|---|---|---|---|
| ၁၃။ | မကရ | = မကန်း။ | (၆၇၁-၂) |

(၁၁၈) အဘိဓာန်ကျမ်းလာ ရေသတ္တဝါများ - စသည်

| | | | |
|---|---|---|---|
| ၁။ | မစ္ဆ | = ငါး။ | |
| ၂။ | သုသုမာရ | = မိကျောင်း။ | |
| ၃။ | ကစ္ဆပ | = လိပ်။ | |
| ၄။ | ကက္ကဋက | = ပုဇွန်လုံး။ | |
| ၅။ | ဇလုကာ | = မျှော့။ | |
| ၆။ | မဏ္ဍုက | = ဖား။ | |
| ၇။ | သိပ္ပီ | = ယောက်သွား။ | |
| ၈။ | သင်္ခ | = ခရုသင်းကြီး။ | |
| ၉။ | ခုဒ္ဒသင်္ခ | = ခရုသင်းငယ်။ | |
| ၁၀။ | ဇလသုတ္တိ | = ခရု။ | (၆၇၄/၅/၆) |

(၁၁၉) ဝေလငါးကြီး (၇) မျိုး

| | | | |
|---|---|---|---|
| ၁။ | တိမိ | = တိမိငါး။ | |
| ၂။ | တိမိင်္ဂလ | = တိမိင်္ဂလငါး။ | |
| ၃။ | တိမိရပိင်္ဂလ | - တိမိရပိင်္ဂလငါး။ | |
| ၄။ | အာနန္ဒ | = အာနန္ဒငါး။ | |
| ၅။ | တိမိနန္ဒ | = တိမိနန္ဒငါး။ | |
| ၆။ | အဇ္ဈာရောဟ | = အဇ္ဈာရောဟငါး။ | |
| ၇။ | မဟာတိမိ | = မဟာတိမိငါး။ | (၆၇၃) |

(၁၁၉) အိုင်ကြီး (၇) အိုင်

| | | |
|---|---|---|
| ၁။ | အနောတတ္တ | = အနောတတ္တအိုင်။ |

၂။ ကဏ္ဍမုဏ္ဍ = ကဏ္ဍမုဏ္ဍအိုင်။
၃။ ရထကာရ = ရထကာရအိုင်။
၄။ ဆဒ္ဒန္တ = ဆဒ္ဒန္တအိုင်။
၅။ ကုဏာလ = ကုဏာလအိုင်။
၆။ မန္ဒာကိနီ = မန္ဒာကိနီအိုင်။
၇။ သီဟပ္ပပါတ = သီဟပ္ပပါတအိုင်။ (၆၇၉-၆၈၀)

(၁၂၀) မြစ်ကြီး (၅) သွယ်

၁။ ဂင်္ဂါ = ဂင်္ဂါမြစ်။
၂။ အစိရဝတီ = အစိရဝတီမြစ်။
၃။ ယမုနာ = ယမုနာမြစ်။
၄။ သရဘူ = သရဘူမြစ်။
၅။ မဟီ = မဟီမြစ်။ (၆၈၂)

(၁၂၁) မြစ်အထူး (၅) မျိုး

၁။ စန္ဒဘာဂါ = စန္ဒဘာဂါမြစ်။
၂။ သရဿတီ = သရဿတီမြစ်။
၃။ နေရဉ္ဇရာ = နေရဉ္ဇရာမြစ်။
၄။ ကာဝေရီ = ကာဝေရီမြစ်။
၅။ နမ္မဒါ = နမ္မဒါမြစ်။ (၆၈၂-၃)

(၁၂၂) မှော် (၃) မျိုး

၁။ တိလဗီဇ = မှော်သေး။
၂။ သခ် = မှော်ကြီး။
၃။ ပဏက = ရေညှိ။ (၆၉၀)

(၁၂၃) သာမညကလျာဏ ၀ဂ်(၄)မျိုး

၁။ ၀ိသေသာဓိဂမ ၀ဂ်။

၂။ သံကိလေသ၀ဂ်။

၃။ အနေကတ္တ၀ဂ်။

၄။ အဗျာယ ၀ဂ်။ (၆၉၁)

(၁၂၄) ဝိသေသျပုဒ်နှင့် လိင်တူသည့် သဒ္ဒါ(၃)မျိုး

၁။ ဝိသေသနဖြစ်သော ဂုဏသဒ္ဒါ။

၂။ ဝိသေသနဖြစ်သော ဒဗ္ဗသဒ္ဒါ။

၃။ ဝိသေသနဖြစ်သော ကြိယာသဒ္ဒါ။ (၆၉၂)

(၁၂၅) သတ္တဝါ(၄)မျိုး

၁။ အဏ္ဍဇ = ငှက်, မြွေစသော သတ္တဝါ။

၂။ ဇလာဗုဇ = လူစသောသတ္တဝါ။

၃။ သံသေဇ = ပိုးကောင်,မှက်စသောသတ္တဝါ။

၄။ ဩပပါတိက = နတ်စသောသတ္တဝါ။ (၇၄၁)

(တနည်း) သတ္တဝါ(၄)မျိုး

၁။ အဏ္ဍဇ = အဉ၌ဖြစ်သော သတ္တဝါ။

၂။ ဇလာဗုဇ = သားအိမ်၌ဖြစ်သောသတ္တဝါ။

၃။ သံသေဒဇ = အညှိ၌ဖြစ်သောသတ္တဝါ။

၄။ ဩပပါတိက = ကိုယ်ထင်ရှားဖြစ်သောသတ္တဝါ။ (၇၄၁)

**မှတ်ချက်။ ။ယောနိ(၄)မျိုး, ပဋိသန္ဓေ(၄)မျိုးဟုလည်း ခေါ်ကြသည်။**

(၁၂၆) မကြောက်အပ်သည်၌ကြောက်သောတိရစ္ဆာန် (၃) မျိုး

၁။ ဂဏ္ဍုပ္ပါဒ = တီ (မြေကုန်မှာကြောက်)။

၂။ ကိကီ = တိတီတူး (ကောင်းကင်ပြိုမှာကြောက်)။

၃။ ကုန္တနီ = ကြိုးကြာမ (မြေပြိုမှာကြောက်)။

သရုပ်ခွဲအခန်းပြီး၏။

## အခ်ပ္ပါယ်အခန်း

### ၁။ သီကရ မည်ပုံ

လေသည်လွှင့်အပ်သော မိုးရေပေါက်သည် **သီကရ**(မိုးရေပေါက်) မည်ပါသည်။ (၄၉)

### ၂။ အရုဏ မည်ပုံ

တက်သောနေ၏ ရှေးဦးစွာတက်သောအရောင်သည် **အရုဏ** မည်ပါသည်။ (၆၅)

**(တနည်း)** = စဉ်းငယ်နီသောအဆင်းသည် **အရုဏ**မည်ပါသည်။ (၉၇)

### ၃။ ခဏစသော (၅)ပုဒ်တို့၏အထူး

လက်ဖျစ်ဆယ်တွက်ကာလသည် **ခဏ** မည်ပါသည်။

ဆယ်ခဏသည် **လယ** မည်ပါသည်။

ဆယ်လယသည် **ခဏလယ** မည်ပါသည်။

ခဏလယ ဆယ်ခုသည် **မုဟုတ္တ** မည်ပါသည်။

မုဟုတ္တ ဆယ်ခုသည် **ခဏမုဟုတ္တ** မည်ပါသည်။ (၆၆ - ၆၇)

***မှတ်ချက်။*** *။ လက်ဖျစ်အတွက်(၁၀၀)သည် လယတစ်ခု မည်၏။ လက်ဖျစ်အတွက်(၁၀၀၀)သည် ခဏလယတစ်ခု မည်၏။ လက်ဖျစ်အတွက်(၁၀၀၀၀)သည် တစ်မုဟုတ် မည်၏။ လက်ဖျစ်အတွက် (၁၀၀၀၀၀)သည် ခဏမုဟုတ္တ တစ်ခု မည်၏။* (၆၆-၆၇)

### ၄။ ဇုဏှာနှင့် တိမိသိကာ အထူး

လရောင်နှင့်ယှဉ်သော ညဉ့်သည် **ဇုဏှာ** မည်၏။
အမိုက်များသော ညဉ့်သည် **တိမိသိကာ** မည်၏။ (၆၉)

**၅။ ဥတု(၃)ပါးကို လအားဖြင့် ပိုင်းခြားပုံ**

တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့အထိ (၄)လသည် **ဟေမန္တ**(ဆောင်း)ဥတု မည်ပါသည်။
တပေါင်းလပြည့်ကျော်(၁)ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ (၄)လသည် **ဂိမှာန**(နွေ)ဥတု မည်ပါသည်။

ဝါဆိုလပြည့်ကျော်(၁)ရက်နေ့မှစ၍တန်ဆောင်မုန်းလပြည့်နေ့အထိ (၄)လသည် **ဝဿာန**(မိုး)ဥတု မည်ပါသည်။ (၇၈)

**၆။ ဥတု(၆)ပါးကို လအားဖြင့် ပိုင်းခြားပုံ**

တန်ဆောင်းမုန်းလပြည့်ကျော်(၁)ရက်နေ့မှစ၍ ပြာသိုလပြည့်နေ့အထိ (၂)လသည် **ဟေမန္တဥတု** မည်ပါသည်။

ပြာသိုလပြည့်ကျော်(၁)ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့အထိ (၂)လသည် **သိသိရဥတု** မည်ပါသည်။

တပေါင်းလပြည့်ကျော်(၁)ရက်နေ့မှစ၍ ကဆုန်လပြည့်နေ့အထိ (၂)လသည် **ဝသန္တဥတု** မည်ပါသည်။

ကဆုန်လပြည့်ကျော်(၁)ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ (၂)လသည် **ဂိမှဥတု** မည်ပါသည်။

ဝါဆိုလပြည့်ကျော်(၁)ရက်နေ့မှစ၍ တော်သလင်းလပြည့်နေ့ အထိ (၂)လသည် **ဝဿာနဥတု** မည်ပါသည်။

တော်သလင်းလပြည့်ကျော်(၁)ရက်နေ့မှစ၍တန်ဆောင်မုန်းလပြည့်နေ့အထိ (၂)လသည် **သရဒဥတု** မည်ပါသည်။ (၇၉)

**မှတ်ချက်။** ။ ဥတု(၆)ပါးကို ဥတု(၃)ပါးနှင့်တွဲခပ်ပြပါဟု မေးခဲ့သော် အထက်ပါအတိုင်းဖြေရမည် ဖြစ်သည်။

**၇။ ဒက္ခိဏာယာဉ်နှင့် ဥတ္တရာယာဉ်အထူး**

ဝဿာန, သရဒ, ဟေမန္တ ဥတုသုံးပါးတို့၌ နေသည် ဒက္ခိဏာယာဉ်သွား၏။ *(ဆိုဆုတ်(၁)မှပြာပြည့်အထိ)*။

သိသိရ, ဝသန္တ, ဂိမှ, ဥတုသုံးပါးတို့၌ နေသည် ဥတ္တရာယာဉ် သွား၏။ *(ပြာဆုတ်(၁)မှ ဆိုပြည့်အထိ)*။ (၈၀-၈၀)

## ၈။ အဘိနယ မည်ပုံ

ပြသင့်သောစားဖြင့် ခုတ်ဟန်စသည်ကို လက်စသည်ဖြင့် ပြခြင်း သည် **အဘိနယ** (ကိုယ်ဟန်ပြမှု) မည်ပါသည်။ (၁၀၁)

## ၉။ သိင်္ဂါရရသ မည်ပုံ

ယောက်ျား၏မိန်းမ၌, မိန်းမ၏ယောက်ျား၌ ပေါင်းဆုံနှီးနှော ခြင်းကိုစွဲ၍ ပျော်မွေ့ခြင်း, ကစားမြူးထူးခြင်း စသည်တို့လျှင် အကြောင်း ရှိသော ချစ်ကြိုက်ခြင်းသည် **သိင်္ဂါရရသ** မည်ပါသည်။

(***တနည်း***) = မြင့်မြတ်သော သဘောများစွာရှိသော မိန်းမ ယောက်ျားလျှင် အကြောင်းရှိသော ပေါင်းဆုံနှီးနှောခြင်း, ကွေကွင်း ခြင်းသည် **သိင်္ဂါရရသ** မည်ပါသည်။ (၁၀၃-၁၀၄)

## ၁၀။ ဝါကျ မည်ပုံ

တစ်ခုသောအာချာတ်ပုဒ်ရှိသော ကာရကနှင့်တကွဖြစ်သော ပုဒ်အပေါင်းသည် **ဝါကျ** မည်ပါသည်။ (၁၀၆)

## ၁၁။ တ္တတိဟာသ မည်ပုံ

မဟာဘာရတ အစရှိသော ရှေးစကားဟောင်းအစဉ်သည် **တ္တတိဟာသ** (ပုံပြင် ရာဇဝင်) မည်ပါသည်။ (၁၁၁)

## ၁၂။ နိဃဏ္ဍု မည်ပုံ

သစ်ပင်အစရှိသည်တို့၏အမည်ပညတ်ကို ပြတတ်သောကျမ်း သည် **နိဃဏ္ဍု** (အဘိဓာန်ကျမ်း) မည်ပါသည်။ (၁၁၁)

## ၁၃။ ကေဋုဘ မည်ပုံ

ပညာရှိတို့၏အစီးအပွားဖြစ်သော ပညာရှိတို့၏အမူအရာဟုဆို အပ်သော ကဗျာဖွဲ့ဆိုခြင်းအစီအရင်ကို အထူးကြံဆရာကျမ်းသည် **ကေဋုဘ** (အလင်္ကာကျမ်း) မည်ပါသည်။ (၁၁၂)

**၁၄။ အာချာယိကနှင့် ကထာအထူး**

တစ်စုံတစ်ယောက်သည်ရအပ်,ခံစားအပ်သောအနက်ဒြပ် အကြောင်း အရာရှိသောအဖွဲ့ဗန္ဓသည်(ဝါ)တစ်စုံတစ်ယောက်၏အတ္ထုပ္ပတ္တိအဖြစ်အပျက်ကို ဖွဲ့ဆိုသောဗန္ဓသည် **အာချာယိက** မည်ပါသည်။

လုပ်ကြံ၍ဖွဲ့အပ်သော ကာဒမ္ဗရီစသောဗန္ဓသည် **ကထာ**မည်ပါသည်။ ဤသို့ထူးပါသည်။ (၁၁၃)

**၁၅။ အဗ္ဘက္ခာန မည်ပုံ**

သင်သည် ငါ၏ဥစ္စာ,ရွှေရတနာကို ချေးငှါးဖူးပြီ - ဤသို့အစရှိသော မဟုတ်မမှန်ပြောဆိုခြင်းသည်**အဗ္ဘက္ခာန**(စွပ်စွဲခြင်း) မည်ပါသည်။

(၁၁၆)

**၁၆။ ယောသနာ မည်ပုံ**

ကျယ်သောအသံကိုပြုခြင်းသည် **ယောသနာ**(ကြွေးကြော်ခြင်း) မည်ပါသည်။ (၁၁၇)

**၁၇။ ပရိဘာသန မည်ပုံ**

ကဲ့ရဲ့ခြင်းရှေ့ရှိသော အပြစ်တင်ခြင်း,မြည်တွန်ခြင်းသည်**ပရိဘာသန** မည်ပါသည်။ (၁၂၁)

**၁၈။ အဘိဝါကျ မည်ပုံ**

ရှစ်ပါးသော အနရိယဝေါဟာရတို့၏အစွမ်းဖြင့် လွန်ကျူးခြင်းကို ပြတတ်သောစကားသည်**အဘိဝါကျ**(မတရားပြောခြင်း) မည်ပါသည်။

(၁၂၂)

**၁၉။ အာလာပနှင့် သလ္လာပ အထူး**

ချစ်ဖွယ်သာယာ ရှေးဦးစွာပြောဆိုသောစကားသည် **အာလာပ** (နှုတ်ဆက်စကား) မည်ပါသည်။

အချင်းချင်းဆန့်ကျင်ခြင်းကင်းသော အသင့်အတင့်အညီအညွတ် ပြောသောစကားသည် **သလ္လာပ** (နီးနှောတိုင်ပင်စကား) မည်ပါသည်။

(၁၂၃-၁၂၄)

## ၂၀။ ဟဒယင်္ဂမ မည်ပုံ

စိတ်နှလုံးသို့ ဝင်သောစကားသည် **ဟဒယင်္ဂမ**(ကြွင်နာစကား) မည်ပါသည်။ (၁၂၅)

## ၂၁။ အဗဒ္ဓ မည်ပုံ

အပေါင်းဖြစ်သောအနက်မှ ကင်းသောစကားသည် **အဗဒ္ဓ**(မစပ် စကား) မည်ပါသည်။ (၁၂၆)

## ၂၂။ တာရ စသော အသံ(၄)ပါးတို့၏အထူး

**တာရ**သဒ္ဒါသည်အလွန်ကျယ်သောအသံ၌ဖြစ်၏။

**ကလ**သဒ္ဒါသည်မထင်ရှားသော ချိုသာသောအသံ၌ဖြစ်၏။

**မန္ဒ**သဒ္ဒါသည်နက်သောအသံ၌ဖြစ်၏။

**ကာကလီ**သဒ္ဒါသည်သိမ်မွေ့သေးငယ်သောဖြည်းညှင်းသာယာသော အသံ၌ဖြစ်၏။ (၁၃၇)

## ၂၃။ လယ မည်ပုံ

သီခြင်း, တီးမှုတ်ခြင်းစသော အမူအရာတို့၌ သင့်လျော်ညီမျှ သည်၏အဖြစ်သည်**လယ**မည်ပါသည်။ (၁၃၇)

## ၂၄။ အာတတ မည်ပုံ

သားရေဖြင့်ကြက်အပ်သောစည်ကြီးစသောစည်မျိုးတို့တွင်တစ်ဘက် သော အပြင်မျက်နှာဝနှင့်ယှဉ်သော (ဝါ)တစ်ဘက်သာပိတ်သော အိုးစည်, စည်ပုတ်အစရှိသောစည်သည်**အာတတ**(တစ်ဘက်ပိတ်စည်) မည်ပါသည်။

(၁၄၀)

## ၂၅။ ဝိတတ မည်ပုံ

မျက်နှာဝနစ်ဘက်ရှိသော (ဝါ)နှစ်ဘက်ပိတ်သောမုရိုးစည်အစရှိသော စည်မျိုးသည် **ဝိတတ**(နှစ်ဘက်ပိတ်စည်) မည်ပါသည်။ (၁၄၁)

## ၂၆။ အာတတ ဝိတတ မည်ပုံ

အလုံးစုံ သားရေပိတ် ၍ကြက်အပ်သောထက်စည်စသောစည် မျိုးသည် **အာတတဝိတတ** (သားရေအားလုံးကြက်စည်) မည်ပါသည်။

(၁၄၁)

## ၂၇။ ဃောဏ မည်ပုံ

စောင်းစသည်ကိုတီးကြောင်းဖြစ်သော သစ်သားစသည်သည် **ဃောဏ** (စည်လက်ခတ်) မည်ပါသည်။ (၁၄၄)

## ၂၈။ ပရိမလ မည်ပုံ

လူတို့သည်ချစ်မြတ်နိုးအပ်သော အထူးအထူးအပြားပြားညှစ်နယ် ကြိတ်သွေးခြင်းကြောင့် ထကြွဖြစ်ပေါ်သောနံ့သာသည်**ပရိမလ** (နှစ်သက်ဖွယ် နံ့သာ) မည်ပါသည်။ (၁၄၅)

## ၂၉။ မိဟိတနှင့် အဋ္ဋဟာသ အထူး

ဖြည်းညှင်းစွာရယ်ခြင်းသည်**မိဟိတ**(သိတ) မည်ပါသည်။

ပြင်းစွာရယ်ခြင်းသည်**အဋ္ဋဟာသ**(မဟာဟာသ) မည်ပါသည်။

(၁၇၅)

## ၃၀။ အဘိဓာန်သင်ရကျိုး

ကျမ်းဂန်ထူးထွေ လာလေသမျှ သိမ်မွေ့သေးဖွဲ နက်နဲကြီးကျယ် နက်ဓိပ္ပါယ်တို့ကို လွယ်ကူမပန်း ချမ်းသာစွာ လိုတိုင်းပြီးတိုင်း ကောင်း စွာမြင်နိုင်ခြင်းအကျိုးရှိပါသည်။ (၁၇၉)

## ၃၁။ ဘူကဏ္ဍ၌ ဝဂ်အစဉ် (၇)ပါး

ဘူမိဝဂ်၊ ပုရဝဂ်၊ နရဝဂ်၊ စတုဗ္ဗဏ္ဏဝဂ်၊ အရညဝဂ်၊ အရညာဒိဝဂ်၊

ပါတာလဝက် - အားဖြင့် (၇)ပါးဖြစ်ပါသည်။ (၁၈၀)

## ၃၂။ ဦသနှင့် ဇင်္ဂလ အထူး

ငန်သောမြေသည် **ဦသ**(ဆားဆပ်ပြာမြေ) မည်ပါသည်။

ကြမ်းတမ်းခြောက်သွေ့သောမြေအဘို့သည် **ဇင်္ဂလ**(ကြမ်းတမ်းသော မြေ) မည်ပါသည်။ (၁၈၂)

## ၃၃။ သဒ္ဒလ မည်ပုံ

ပေါက်သစ်စဖြစ်သော မြက်ဖြင့်မှတ်အပ်သော စိမ်းစိုသောအရပ်သည် **သဒ္ဒလ**(မြေနုကျွန်းပေါ်) မည်ပါသည်။ (၁၈၇)

## ၃၄။ နဒီမာတိကနှင့် ဒေဝမာတိကအထူး

မြစ်ရေဖြင့် အသက်ရှင်သော ကောက်ပင်ရှိသော အရပ်သည် **နဒီမာတိက**(မြစ်ရေဝင်အရပ်) မည်ပါသည်။

မိုးရေဖြင့်ဖြစ်ပွားသော ကောက်စပါးရှိသောအရပ်သည် **ဒေဝမာတိက** (မိုးရေဝင်အရပ်) မည်ပါသည်။ (၁၈၈)

## ၃၅။ သဿတိ မည်ပုံ

လ, နေ စသည်သည် **သဿတိ**(ထာဝရဝတ္ထု) မည်ပါသည်။ (၁၈၉)

## ၃၆။ ပရိသရ မည်ပုံ

မြို့တောင်စသည်တို့၏အနီးဖြစ်သော မြေအရပ်သည် **ပရိသရ** (မြို့တော်ဥပစာ) မည်ပါသည်။ (၁၉၀)

## ၃၇။ မဟာဒ္ဓနိ မည်ပုံ

ခြေကြောင်းခရီး, လှည်းကြောင်းခရီးတို့သည် **မဟာဒ္ဓနိ**(ကြီးကျယ်သောခရီး) မည်ပါသည်။ (၁၉၁)

## ၃၈။ ကေပဒိနှင့် ကန္တာရ အထူး

တစ်ဖဝါးသာ ချလောက်သောခရီး, တစ်ယောက်သာ သွားသာသောခရီးသည် **ဧကပဒိ**(လမ်းကျဉ်း) မည်ပါသည်။

သွားနိုင်ခဲသောခရီးသည် **ကန္တာရ**(ခရီးခဲ) မည်ပါသည်။

ဤသို့ထူးပါသည်။ (၁၉၂)

## ၃၉။ အဒ္ဓါန မည်ပုံ

အလွန်ရှည်ဝေးသောခရီးသည် **အဒ္ဓါန**(ခရီးရှည်) မည်ပါသည်။ (၁၉၃)

## ၄၀။ မြူအမျိုးမျိုးနှင့် အတိုင်းအတာများ

၁။ ပရမာဏုမြူ (၃၆) ခုသည် အဏုမြူ(၁) ခု မည်ပါသည်။

၂။ အဏုမြူ (၃၆) ခုသည် တဇ္ဇာရီမြူ(၁) ခု မည်ပါသည်။

၃။ တဇ္ဇာရီမြူ (၃၆) ခုသည် ရထရေဏုမြူ(၁) ခု မည်ပါသည်။

၄။ ရထရေဏုမြူ (၃၆) ခုသည် တစ်လိက္ခာ မည်ပါသည်။

၅။ (၇) လိက္ခာသည် တစ်သန်း(သန်းတစ်ကောင်) မည်ပါသည်။

၆။ သန်း(၇) ကောင်သည် တစ်စပါး မည်ပါသည်။

၇။ (၇) စပါးသည် တစ်လက်သစ် မည်ပါသည်။

၈။ (၁၂) လက်သစ်သည် တစ်ထွာ မည်ပါသည်။

၉။ (၂) ထွာသည် တစ်တောင် မည်ပါသည်။

၁၀။ (၇) တောင်သည် တစ်တာ မည်ပါသည်။

၁၁။ တာ(၂၀) သည် တစ်ဥသဘ မည်ပါသည်။

၁၂။ ဥသဘ(၈၀) သည် တစ်ဂါဝုတ် မည်ပါသည်။

၁၃။ (၄) ဂါဝုတ်သည် တစ်ယူဇနာ မည်ပါသည်။

၁၄။ ကုတ်လေးတာအပြန်(၅၀၀) သည် တစ်ကောသ မည်ပါသည်။

၁၅။ (၄) အမ္ဗဏ မျိုးကြဲလောက်သောအရပ်သည် တစ်ပယ် မည်ပါသည်။

၁၆။ အမာဏအားဖြင့် အတောင်တို့၏(၂၈) တောင်သည် အဗ္ဘန္တရ

တစ်ခုမည်ပါသည်။ (၁၉၄ မှ ၁၉၇ ထိ)

***မှတ်ချက်။ ။ ခပါးတစ်လုံးတစ်လုံး၌ အကျဉ်းပေါင်း(၂၂၈၆၁၄၄) ရှိ၏။ ကြွင်းသော ပမာဏတို့ကိုလည်း မြောက်ပွား၍ သချင်္ာနည်းမှီ သိကြပါလေ..။***

### ၄၁။ သာခါနဂရ မည်ပုံ

မြို့(မြို့တော်)မှ တစ်ပါးသောအရပ်၌ရှိသော မြို့လက်သည် **သာခါနဂရ** (မြို့လက်) မည်ပါသည်။ (၁၉၉)

### ၄၂။ ဗျူဟနှင့် ပထဒ္ဓိ အထူး

ထုတ်ချင်းမပေါက်သောခရီးသည် **ဗျူဟ**(လမ်းတို) မည်ပါသည်။

ထုတ်ချင်းပေါက်သောခရီးသည် **ပထဒ္ဓိ**(လမ်းရှည်) မည်ပါ သည်။ (၂၀၂)

### ၄၃။ အဿမ မည်ပုံ

ရသေ့ ရဟန်းတို့၏ နေရာအရပ်သည် **အဿမ**(သင်္ခမ်းကျောင်း) မည်ပါသည်။ (၂၁၂)

### ၄၄။ ကစ္ဆန္တရ မည်ပုံ

မင်းတို့၏ သူခပ်သိမ်းတို့နှင့်မဆက်ဆံသောအရပ်သည် **ကစ္ဆန္တရ** (ဘုရင့်သီးခြားခန်း) မည်ပါသည်။ (၂၁၅)

### ၄၅။ ပါဠိကာ မည်ပုံ

လထက်ဝက်သဏ္ဌာန်ရှိသော လှေခါးစောင်းတန်းဦး ကျောက်သည် **ပါဠိကာ**(လှေခါးခြေနင်းခုံ) မည်ပါသည်။ (၂၂၀)

### ၄၆။ ဂေါပါနသီ မည်ပုံ

ကောက်သောခေါင်ကို မိုးကြောင်းဖြစ်သော အခြင်, ရနယ်, ဒိုင်း, မြား, သစ်ဝါးသည် **ဂေါပါနသီ**(အခြင်,ရနယ်,ဒိုင်း,မြား) မည်ပါသည်။ (၂၂၁)

### ၄၇။ နိဂမ မည်ပုံ

ကုံထံကြွယ်ဝသောလူစသည်တို့ဖြင့် ထင်ရှားသောရွာသည် နိဂမ(နိဂုမ်း) မည်ပါသည်။ (၂၂၅)

## ၄၈။ မဟေသီ, ဘောဂိနီ, အဘိသာရိကာ (၃)ခုတို့၏ အထူး

(၁) အဘိသိက်ခံပြီးသော မင်းမိန်းမသည် **မဟေသီ**(မိဖုရား) မည်ပါသည်။

(၂) မိဖုရားကြီးမှတစ်ပါးကုန်သော မင်းမိန်းမတို့သည် **ဘောဂိနီ** (မောင်းမ) မည်ပါသည်။

(၃) လင်ကိုအလိုရှိသည်ဖြစ်၍ ချိန်းချက်ရာသို့သွားသောမိန်းမသည် **အဘိသာရိကာ**(လင့်ထံသွားသောမိန်းမ) မည်ပါသည်။ (၂၃၂)

## ၄၉။ ဩရသ မည်ပုံ

မိမိကြောင့်ဖြစ်သောသားသည်ဩရသ(သားရင်း) မည်ပါသည်။ (၂၄၁)

## ၅၀။ ဆွေမျိုးစပ်ပုံ

(၁) မယား၏မောင်သည် **သာလ**(ယောက်ဖ) မည်ပါသည်။

(၂) လင်၏နမသည် **နနန္ဒာ**(ယောက်မ) မည်ပါသည်။

(၃) အမိ၏မောင်သည် **မာတုလ**(ဦးကြီး,ဦးလေး) မည်ပါသည်။

(၄) ဦးကြီး၏မယားသည် **မာတုလာနီ**(အရီး) မည်ပါသည်။

(၅) သမီး, ခင်ပွန်းတို့၏အမိသည် **သဿု**(ယောက္ခမမိန်းမ) သည်ပါသည်။

(၆) သမီး,ခင်ပွန်းတို့၏အဖသည် **သသုရ**(ယောက္ခမယောက်ျား) မည်ပါသည်။

(၇) နမ၏သားသည် **ဘာဂိနေယျ**(တူ) မည်ပါသည်။

(၈) လင်၏ညီ၊ လင်၏အစ်ကိုသည် **ဒေဝရ**(မတ်,ခဲအို) မည် ပါသည်။

(၉) သမီး၏လင်သည် **ဇာမာတု**(သားမက်) မည်ပါသည်။

(၁၀) အမိ၏အစ်မ၊ အမိ၏ညီမသည် **မာတုစ္ဆာ**(မိကြီး,မိထွေး) မည်ပါသည်။

(၁၁) အဖ၏အစ်မ၊ အဖ၏နှမသည် **ပိတုစ္ဆာ**(အရီး)မည်ပါသည်။ (၂၄၄ မှ ၂၄၈ ထိ)

### ၅၁။ ပလိတ မည်ပုံ

ဖြူကုန်သော ဆံပင်စသည်တို့သည် **ပလိတ** (ဆံဖြူ) မည်ပါ သည်။ (၂၅၁)

### ၅၂။ ဒမ္မိလ္လ မည်ပုံ

ကောင်းစွာစုရုံး ဖွဲ့ထုံးအပ်ကုန်သော ဆံပင်တို့သည် **ဓမ္မိလ္လ** (ဖီးလိမ်းပြီးဆံထုံး) မည်ပါသည်။ (၂၅၇)

### ၅၃။ ဇဋာ မည်ပုံ

ရသေ့ဖော်ဂျီတပသီတို့၏ ဆံပင်အပေါင်းသည် **ဇဋာ**(ဆံကျစ်)မည်ပါသည်။ (၂၅၇)

### ၅၄။ သီမန္တ မည်ပုံ

မိန်းမတို့၏ဆံပင်အလယ်၌ ဖြောင့်ဖြောင့်သွားသောအရေးအကြောင်းသည် **သီမန္တ**(ထိပ်လယ်ဆံရေးကြောင်း) မည်ပါသည်။ (၂၅၈)

### ၅၅။ ပမှ, ပမုခ မည်ပုံ

မျက်လုံး၌ပေါက်သောအမွေးသည် **ပမှ,ပမုခ**(မျက်တောင်မွေး) မည်ပါသည်။ (၂၅၉)

### ၅၆။ မဿု မည်ပုံ

ယောကျ်ားတို့၏မျက်နှာ၌ပေါက်သောအမွေးသည် **မဿု**(မုတ်ဆိတ်ကြင်စွယ်) မည်ပါသည်။ (၂၅၉)

### ၅၇။ ဒါဌာ မည်ပုံ

သွားအထူးသည် **ဒါဌာ**(အစွယ်) မည်ပါသည်။ (၂၆၁)

### ၅၈။ စုဗုက မည်ပုံ

နှုတ်ခမ်းမှအောက်အဖို့သည် **စုဗုက**(မေးဖျား) မည်ပါသည်။

(၂၆၂)

### ၅၉။ ကမ္ဗုဂီဝါ မည်ပုံ

ရွှေမှုရိုးစည်ငယ်နှင့်တူသော လည်ပင်းသည် (ဝါ)ဝါအရသုံးခု တို့ဖြင့်မှတ်အပ်သော လည်ပင်းသည် **ကမ္ဗုဂီဝါ**(ရွှေလည်တိုင်)မည်ပါ သည်။

(၂၆၃)

### ၆၀။ ဇတ္တု, ကစ္ဆ, ပဿ, မဏိဗန္ဓတို့၏ အထူး

(က)ပခုံးအစပ်သည်ဇတ္တု(လယ်ကုပ်) မည်ပါသည်။

( ခ ) မောင်းရင်းသည်**ကစ္ဆ**(လက်ကတီး) မည်ပါသည်။

( ဂ ) လက်ကတီး၏အောက်အဖို့သည်**ပဿ**(နံပါး)မည်ပါသည်။

(ဃ)တတောင်၏အဆုံးသည်**ပဏိဗန္ဓ**(လက်ကောက်ဝတ်) မည်ပါသည်။

(၂၆၄ - ၂၆၅)

### ၆၁။ ကရဘ မည်ပုံ၊

လက်ဝါးနှင့်စပ်ကုန်သော လက်သန်းတို့၏ အကြားသည် **ကရဘ** (လက်ဝါးစောင်း)မည်ပါသည်။ (၂၆၆)

### ၆၂။ ပသတ မည်ပုံ

တွန့်အပ်ခုံးအပ်သောလက်သည် **ပသတ**(တစ်လက်ဖက်)မည်ပါ သည်။ (၂၆၇)

### ၆၃။ ဗျာမနှင့် ပေါရိသ အထူး

နံပါးနှစ်ဘက်သို့ဖြန့်အပ်ကုန်သော လက်နှင့်တကွဖြစ်ကုန်သော လက်မောင်းနှစ်ခုတို့သည်**ဗျာမ**(တစ်လံ) မည်ပါသည်။

အထက်၌ ဆန့်တန်းအပ်သောလက်ရှိသောလူတို့၏ အတိုင်းအရှည် သည် **ပေါရိသ**(တစ်သူ) မည်ပါသည်။ (၂၆၈)

### ၆၄။ ဆကဏ မည်ပုံ

မြင်းစသည်တို့၏ အညစ်အကြေးသည် **ဆကဏ**(မြင်းချေးစသည်) မည်ပါသည်။ (၂၇၅)

**၆၅။ ဝတ္ထိ မည်ပုံ**

ချက်၏အောက်အဖို့သည် **ဝတ္ထိ**(ဆီးခုံ) မည်ပါသည်။ (၂၇၆)

**၆၆။ အကၠက မည်ပုံ**

လည်ချောင်း၏ အောက်အစွန်း၌တည်သောအရိုးသည် **အကၠက** (ညှပ်ရိုး) မည်ပါသည်။ (၂၇၈)

**၆၇။ အင်္ဂုလိယက မည်ပုံ**

လက်ချောင်းဝတ်တန်ဆာသည် **အင်္ဂုလိယက**(လက်စွပ်)မည်ပါသည်။ (၂၈၆)

**၆၈။ အဟတ, နန္တက, ပဋစ္စရတို့၏ အထူး**

အဝတ်သစ်သည် - **အဟတ** မည်ပါသည်။

အဝတ်စုတ်သည် - **နန္တက** မည်ပါသည်။

အဝတ်ဟောင်း အဝတ်ဆွေးသည် - **ပဋစ္စရ** မည်ပါသည်။

(၂၉၃)

**၆၉။ ဒသာနှင့် နာလိပဋ္ဋ အထူး**

အဝတ်၏အစိတ်သည် - **ဒသာ**(အဆာအမြိတ်) မည်ပါသည်။

ဦးခေါင်း၌စွပ်သော ခေါင်းစွပ်သည် - **နာလိပဋ္ဋ**(ဦးထုပ်) မည်ပါသည်။

(၂၉၄)

**၇၀။ ဝါသန မည်ပုံ**

နံ့သာပန်းစသည်ဖြင့် ပြုပြင်စီရင်ခြင်းသည် **ဝါသန**(ထုံခြင်း) မည်ပါသည်။ (၃၀၇)

**၇၁။ အာသန္ဒီ မည်ပုံ**

ပမာဏထက်လွန်သော အခြေရှိသောညောင်စောင်း,အင်းပျဉ်အထူး

သည် **အာသန္ဒိ**(အင်းပျဉ်အထူး) မည်ပါသည်။ (၁၁၁)

## ၇၂။ ဂေါနကနှင့် စိတ္တကတို့၏အထူး

အလျားအနံရှည်ကျယ်သော လက်လေးသစ်ထက်ရှည်သော အမွေး ရှိသော ကော်ဇောနက်ကြီးသည် **ဂေါနက** မည်ပါသည်။

ချုပ်အပ်,ယက်အပ်သော အကွက်တို့ဖြင့် ဆန်းကြယ်သော သားမွေးဖြင့် ပြီးသောအခင်းသည် **စိတ္တက** မည်ပါသည်။ (၁၁၂)

## ၇၃။ ပဋလိကာနှင့် ပဋိကာ အထူး

ပန်းပြောက်ချယ်သော သားမွေးဖြင့်ပြီးသော အခင်းသည် **ပဋလိကာ** မည်ပါသည်။

အဖြူထည်သက်သက်ဖြစ်သော သားမွေးဖြင့်ပြီးသော အခင်းသည် **ပဋိကာ** မည်ပါသည်။ (၁၁၃)

## ၇၄။ ဥဒ္ဒလောမိနှင့် ဧကန္တလောမိ အထူး

နှစ်ဘက်အမွေးရှိသောအခင်းသည် **ဥဒ္ဒလောမိ** မည်ပါသည်။

တစ်ဘက်သာအမွေးရှိသောအခင်းသည် **ဧကန္တလောမိ** မည်ပါသည်။ (၁၁၃)

## ၇၅။ ကုတ္တကနှင့် ဝိကတိကာ အထူး

ကချေသည်မ (၁၆)ယောက် ကလောက်သောအခင်းသည် - **ကုတ္တက** မည်ပါသည်။

ခြင်္သေ့,ကျားစသော အရုပ်တို့ဖြင့် ဆန်းကြယ်သောအခင်းသည် **ဝိကတိကာ** မည်ပါသည်။ (၁၁၄)

## ၇၆။ ကဋ္ဌိဿနှင့် ကောသေယျတို့၏ အထူး

ရွှေချည်,ငွေချည်တို့ဖြင့် ပတ်လည်ဝန်းကျင် အပြင်နှံ့စပ် ချုပ်ချယ် အပ်သော အပေါ်လွှမ်းအခင်းသည် **ကဋ္ဌိဿ** မည်ပါသည်။

*(တစ်နည်း)*= ရွှေပြားငွေပြား စီထားချကပ် လိမ်းကျံအပ်သော

ပိုးချည်အကြမ်းဖြင့်ပြီးသော အပေါ်လွှမ်းအခင်းသည် **ကဋ္ဋိဿ** မည်ပါသည်။

*(တစ်နည်း)*= ပိုးချည်အတွင်း ရွှေချည်သွင်း၍ ယက်ခြင်းအမှုဖြင့်ပြီးသော အပေါ်လွှမ်းအခင်းသည် **ကဋ္ဋိဿ** မည်ပါသည်။

*(တစ်နည်း)*= ပိုးချည်,လျှော်ချည် နှစ်မျိုးဖြင့်ပြီးသော အပေါ်လွှမ်းအခင်းသည် **ကဋ္ဋိဿ** မည်ပါသည်။

ရွှေချည်,ငွေချည်တို့ဖြင့် ပတ်လည်ဝန်းကျင် အပြင်နှံ့စပ် ချုပ်ခြယ်အပ်သော ပိုးချည်ဖြင့်ယက်လုပ်အပ်သော အပေါ်လွှမ်းအခင်းသည် **ကောသေယျ** မည်ပါသည်။

*(တစ်နည်း)*= ရွှေပြားငွေပြား စီထားချကပ် လိမ်းကျံအပ်သော ပိုးချည်ဖြင့်ယက်လုပ်အပ်သော အပေါ်လွှမ်းအခင်းသည် **ကောသေယျ** မည်ပါသည်။ (၃၁၅)

## ၇၇။ တိဝဂ္ဂနှင့် စတုဝဂ္ဂ အထူး

ဓမ္မ,ကာမ,အတ္ထအားဖြင့် သုံးမျိုးတို့သည် **တိဝဂ္ဂ** မည်ပါသည်။

ဓမ္မ,ကာမ,အတ္ထ,နိဗ္ဗာန်အားဖြင့် လေးမျိုးတို့သည် **စတုဝဂ္ဂ** မည်ပါ သည်။ (၃၁၈)

## ၇၈။ ကာဏနှင့် အန္ဓ အထူး

မျက်စိတို့၏တစ်ဘက်ဖြင့် ကင်းဆိတ်သူသည် **ကာဏ**(တစ်ဘက်ကန်း) မည်ပါသည်။

မျက်စိတို့၏နှစ်ဘက်ဖြင့် ကင်းဆိတ်သူသည် အန္ဓ(နှစ်ဘက်ကန်း) မည်ပါသည်။ (၃၂၁)

## ၇၉။ သိဃာနိကာ မည်ပုံ

နှာခေါင်း၌ အရည်သည် **သိဃာနိကာ**(နပ်) မည်ပါသည်။

## ၈၀။ သဗ္ဗဘုမ္မနှင့် မဏ္ဍလိဿရ အထူး

စကြာမင်းသည် **သဗ္ဗဘုမ္မ** မည်ပါသည်။

စကြာမင်းမှ တစ်ပါးသောမင်းသည် **မဏ္ဍလိဿရ**(ပဒေသရာဇ်မင်း)

မည်ပါသည်။ (၃၃၅)

## ၈၁။ မဟာသာလ (၃)ခု အထူး

(က)အနည်းဆုံး ကျပ်ဒင်္ဂါးကုဋေ(၁၀၀) သိုမှီးသိမ်းဆည်းထားနိုင်၊ နေ့စဉ်အမွဏ(၂၀) သုံးစွဲနိုင်သောမင်းတို့သည် **ခတ္တိယမဟာသာလ** မည်ပါသည်။

(ခ) အနည်းဆုံး ကျပ်ဒင်္ဂါးကုဋေ(၈၀) သိုမှီးသိမ်းဆည်းထားနိုင်၊ နေ့စဉ်အမွဏ(၁၀) သုံးစွဲနိုင်သောပုဏ္ဏားတို့သည် **ဗြာဟ္မဏမဟာသာလ** မည်ပါသည်။

(ဂ) အနည်းဆုံးကျပ်ဒင်္ဂါးကုဋေ(၄၀) သိုမှီးသိမ်းဆည်းထားနိုင်၊ နေ့စဉ်(၅)အမွဏ သုံးစွဲနိုင်သောသူဌေးတို့သည် **ဂဟပတိမဟာသာလ** မည်ပါသည်။ (၃၃၇/၈/၉)

## ၈၂။ အက္ခဒဿ မည်ပုံ

ကြွေးယူခြင်းအမွေခွဲခြမ်းခြင်းအစရှိကုန်သောငြင်းခုံခြင်းတရားတို့ကို ဆုံးဖြတ်နိုင်သောသူသည်**အက္ခဒဿ**(တရားသူကြီး) မည်ပါသည်။

(၃၄၁)

## ၈၃။ အနီကဋ္ဌ မည်ပုံ

မင်းတို့၏ကိုယ်တော်စောင့် အပေါင်းသည် **အနီကဋ္ဌ**(သက်တော်စောင့်) မည်ပါသည်။ (၃၄၂)

## ၈၄။ သတ္တုနှင့် မိတ္တရာဇာ အထူး

မိမိနိုင်ငံ၏အခြားမဲ့၌ တည်သောမင်းသည် **သတ္တု**(ရန်သူမင်း) မည်ပါသည်။

ထိုအခြားမဲ့နိုင်ငံမှ နိုင်ငံခြားတစ်ပါးမင်းသည် **မိတ္တရာဇာ**(မိတ်ဆွေမင်း) မည်ပါသည်။ (၃၄၃)

## ၈၅။ စတုက္ကဏ္ဍနှင့် ဆက္ကဏ္ဍ အထူး

နှစ်ယောက်တိုင်ပင်ခြင်းသည်**စတုကဏ္ဏ**(နားလေးဘက်အတိုင်အပင်) မည်ပါသည်။

သုံးယောက်တိုင်ပင်ခြင်းသည် **ဆဠကဏ္ဏ**(နားခြောက်ဘက်အတိုင်အပင်) မည်ပါသည်။ (၃၅၂)

## ၈၆။ သုက် မည်ပုံ

ရေဆိပ် ကုန်းဆိပ်စသော သုက်ဌာန၌ ပေးအပ်သောအခွင်သည် **သုက်**(အကောက်ခွန်) မည်ပါသည်။ (၃၅၆)

## ၈၇။ သီဟာသန မည်ပုံ

မင်းတို့၏ ရွှေဖြင့်ပြီးအပ်သော နေရာသည် **သီဟာသန**(ရာဇပလ္လင်) မည်ပါသည်။ (၃၅၇)

## ၈၈။ ကုမ္ဘနှင့် မေစက အထူး

ဆင်ဦးခေါင်း၌အဖုနှစ်ခုတို့သည်**ကုမ္ဘ**(ဦးကင်း) မည်ပါသည်။

မြီးရင်းသည်**မေစက**(ဆင်မြီးထူး) မည်ပါသည်။ (၃၆၃)

## ၈၉။ ကစ္ဆာနှင့် ကပ္ပန အထူး

ကိုယ်လယ်၌ ဖွဲ့သိုင်းသောကြိုးသည် **ကစ္ဆာ**(ကကြိုးတန်ဆာ) မည်ပါသည်။

ဆင်ကျောက်ကုန်း၌ခင်းအပ်သော ကမ္ဗလာစသည်တို့သည် **ကပ္ပန**(ဆင်ကုန်းနီး) မည်ပါသည်။ (၃၆၅)

## ၉၀။ တောမရ စသည်တို့၏ အထူး

ခြေ၌ထိုးကြောင်းဖြစ်သော လှံသည်**တောမရ**(မိုန်း)မည်ပါသည်။

နားရင်း၌ထိုးကြောင်းဖြစ်သော လှံသည်**တုတ္တ**(နားရင်းတုတ်) မည်ပါသည်။

ဆင်ဦးထိပ်၌ထိုးကြောင်းဖြစ်သော လှံသည် **အင်္ကုသ**(ချွန်း) မည်ပါသည်။ (၃၆၆/၇)

## ၉၁။ အာဇာနီယနှင့် ဝိနီတ အထူး

မြင်းမျိုးကောင်းသည် **အာဇာနီယ**(အာဇာနည်မြင်း)မည်ပါသည်။

အရှင်ကို ကောင်းစွာဆောင်ယူသော မြင်းသည် **ဝိနီတ**(ကျင့်ပြီးမြင်း) မည်ပါသည်။ (၃၆၉)

## ၉၂။ ဇဝနနှင့် ကသာ အထူး

လျှင်မြန်ခြင်းလွန်ကဲသော မြင်းသည် **ဇဝန**(မြင်းမြန်) မည်၏။

မြင်းနှင်တံတပြာသည် **ကသာ**(ကြာပွတ်) မည်၏။ (၃၇၀)

## ၉၃။ ဖုဿရထ မည်ပုံ

စစ်ထိုးခြင်းငှါမဟုတ်သော ရထားသည် **ဖုဿရထ** (မင်္ဂလာ ရထား) မည်ပါသည်။ (၃၇၂)

## ၉၄။ နေမိစသည်တို့၏ အထူး

လှည်းဘီး၏အဆုံးသည် **နေမိ**(အကွပ်တကူ) မည်ပါသည်။

လှည်းဘီးအလယ်၌ ဝန်းဝိုင်းသောသဏ္ဌာန်ရှိသောအချက်သည် **နာဘိ** (ပုံတောင်း) မည်ပါသည်။

ဝင်ရိုးဖျား၌တပ်သော ကလန့်သည် **အာဏိ**(နပန်းစွန်း) မည်ပါသည်။ (၃၇၃/၄)

## ၉၅။ ဗျူဟ မည်ပုံ

စစ်တပ်ကို စီစဉ်ခင်းကျင်းခြင်းသည် **ဗျူဟ**(စစ်ဆင်ခြင်း) မည်ပါသည်။ (၃၈၁)

## ၉၆။ စစ်တပ်ဖွဲ့စည်းပုံ (စစ်တပ်လေးမျိုးအထူး)

တစ်စီးလျှင် သူရဲကောင်း(၁၂)ယောက်စီးပါသော ဆင်(၃)စီးသည် **ဟတ္ထာနီက** မည်ပါသည်။

တစ်စီးလျှင် သူရဲကောင်း(၃)ယောက်စီးပါသော မြင်း(၃)စီးသည် **ဟယာနီက** မည်ပါသည်။

တစ်စီးလျှင် သူရဲကောင်း(၄)ယောက်စီပါသော ရထား(၃)စီးသည် **ရထာနီက** မည်ပါသည်။

လက်နက်ကိုယ်စီကိုင်ဆောင်ထားသော စစ်သား(၄)ယောက်တို့သည် **ပတ္တာနီက** မည်ပါသည်။ (၃၈၂/၃)

## ၉၇။ အကျွောဘနီ မည်ပုံ

တစ်စီးလျှင် ဝါးအလုံး(၆၀)ပါသော ဝါးအစီးပေါင်း(၆၀)တို့ကို မှုန့်မှုန့်ညက်ညက်ပြုလုပ်နိုင်သော စစ်တပ်သည် **အကျွောဘနီ** မည်ပါသည်။ (၃၈၄)

## ၉၈။ ငှက် မည်ပုံ

ကျောက်ထွင်းစုးသည် **ငှက်**(စို့) မည်ပါသည်။ (၃၉၃)

## ၉၉။ အဟာမဟာမိကာ မည်ပုံ

စစ်သားအချင်းချင်း ငါဟူသောမာန်မူခြင်းသည် **အဟာမဟာမိကာ** (အချင်းချင်းကြုံးဝါးခြင်း) မည်ပါသည်။ (၃၉၇)

## ၁၀၀။ ဇယပါန မည်ပုံ

စစ်ပွဲ၌ အောင်နိုင်သောမင်း၏ သေသောက်ခြင်းသည် **ဇယပါန** (အောင်သေသောက်ခြင်း) မည်ပါသည်။ (၃၉၈)

## ၁၀၁။ ဥပ္ပါဒ မည်ပုံ

ကောင်းကျိုး မကောင်းကျိုးကို ပြတတ်သော ဘုတ်တို့၏ဖောက်ပြန်ခြင်းသည် **ဥပ္ပါဒ**(ပုဗ္ဗနိမိတ်) မည်ပါသည်။ (၄၀၁)

## ၁၀၂။ ပရာဇယ မည်ပုံ

စစ်ပွဲ၌ ပျက်စီးခြင်းသည် **ပရာဇယ**(ရှုံးခြင်း) မည်၏။ (၄၀၂)

## ၁၀၃။ ကဗန္ဓ မည်ပုံ

ဦးခေါင်းမရှိသော ကခြင်းစသောအမူအရာနှင့်တကွသော ကိုယ်သည် **ကဗန္ဓ**(ဦးခေါင်းမရှိသောကိုယ်) မည်ပါသည်။ (၄၀၆)

## ၁၀၄၊ သပြဟ္မစာရီ မည်ပုံ

အချင်းချင်းအတူတကွ သီလစသောသိက္ခာသုံးပါးတို့ကို ဖြည့်ကျင့်ကုန်သောသူတို့သည် သပြဟ္မစာရီ(သီတင်းသုံးဖော်) မည်ပါသည်။ (၄၁၀)

## ၁၀၅၊ အာစရိယ(၂)ပါး အထူး

နိဿရည်းဆရာ, ပါဠိသင်ဆရာစသူသည် **အာစရိယ**(လောကုတ္တရာဆရာ) မည်ပါသည်။

ရှေးဦးစွာ ဥပနယနအမှုကိုပြု၍ ကပ္ပစသော (၆)ပါးသောအစိတ်နှင့်တကွသော ခဲရာခဲဆစ်နှင့်တကွသော ဗေဒင်ကျမ်းကို သင်ပြသောပုဏ္ဏားသည် အာစရိယ(လောကီဆရာ) မည်ပါသည်။ (၄၁၀/၁)

## ၁၀၆၊ ဒေဝီ မည်ပုံ

မန္တာန်စသည်ဖြင့် စီရင်အပ်သောမြေသည် **ဒေဝီ**(ယဇ်ပလ္လင်) မည်ပါသည်။ (၄၁၂)

## ၁၀၇၊ ဆန္ဒနှင့် သာဝိတ္တီ အထူး

ဂါယတ္တီ,ဥဏှိစသည်ကား ဆန္ဒ မည်ပါသည်။

အက္ခရာ(၂၄)လုံးရှိသော ဗေဒတို့၏အစဖြစ်သော သုံးပဒရှိသော ဆန်းသည် **သာဝိတ္တီ** မည်ပါသည်။ (၄၁၇)

## ၁၀၈၊ စရု မည်ပုံ

ယဇ်၌ချက်အပ်သောနို့ထမင်းသည်စရု(ယဇ်စာထမင်း) မည်ပါသည်။ (၄၁၈)

## ၁၀၉၊ ဥဒ္ဒေဟိက, နိဝါပ, သဒ္ဓတို့၏ အထူး

သေသူ၏အကျိုးငှါ ထိုသေသောနေ့၌ ထမင်းဆုပ်ပေးခြင်းသည် **ဥဒ္ဒေဟိက**(သက်ပျောက်ဆွမ်း) မည်ပါသည်။

သေလေပြီးသောမိဘစသူတို့ကို ရည်ညွှန်းလှူဒါန်းအပ်သောအလှူ သည် **နိဝါပ**(ရက်လည်ဆွမ်း) မည်ပါသည်။

ဇောတိသတ္တ,ရာဇမတ္တဏ်စသော ကြိယာကိုစီရင်သော ကျမ်းဂန် အစီအရင်ဖြင့်စီရင်အပ်သော ပိတုဒါနသည်ပင် **သဒ္ဓ**(မသာထမင်း) မည်ပါ သည်။ (၄၂၃)

## ၁၁၀။ ဂမိက မည်ပုံ

တစ်ပါးအရပ်ကိုသွားခြင်း၌ အလိုရှိသောသူသည် **ဂမိက**(ခရီးသွား သူ) မည်ပါသည်။ (၄၂၄)

## ၁၁၁။ အဇ္ဈေသန မည်ပုံ

ရှိသေခြင်းရှေးရှိသော တိုက်တွန်းခြင်းသည် **အဇ္ဈေသန**(တိုက်တွန်း တောင်းပန်ခြင်း) မည်ပါသည်။ (၄၂၇)

## ၁၁၂။ ဥပဝါသ မည်ပုံ

မကောင်းမှုတို့မှကင်းသည် အလုံးစုံသောစည်းစိမ်တို့ကို ကြဉ်သည် ဖြစ်၍ သီလစသောဂုဏ်တို့နှင့်တကွနေခြင်းသည် **ဥပဝါသ** (သီတင်းသုံးခြင်း) မည်ပါသည်။ (၄၃၂)

## ၁၁၃။ ယတိ မည်ပုံ

စောင့်စည်းအပ်သော ဣန္ဒြေအပေါင်းရှိသူတို့သည် **ယတိ**(ဣန္ဒြေ စောင့်စည်းသူ) မည်ပါသည်။ ဝသီလည်းမည်ပါသည်။ (၄၃၄)

## ၁၁၄။ ကတ္တရယဋ္ဌိ မည်ပုံ

ဆွဲကိုင်အပ်သောတောင်ဝှေးသည် **ကတ္တရယဋ္ဌိ**(တောင်ဝှေး) မည်ပါ သည်။ (၄၄၃)

## ၁၁၅။ ယမနှင့် နိယမ အထူး

အမြဲကိုယ်ဖြင့်ပြီးသည်ကို ငဲ့ခြင်းရှိသော ပါဏာတိပါတစသည်မှ ကြဉ်ခြင်းအမှုသည် **ယမ**(ငါးပါးသီလ) မည်ပါသည်။

အမြဲမဟုတ် ရံခါအခိုက်အတန့်ဖြင့်ပြီးစေအပ်သော ဥပုသ်သုံးခြင်းစသောအမှုသည် **နိယမ**(ဥပုသ်သီလ) မည်ပါသည်။ (၄၄၄)

**၁၁၆။ အပရဏ္ဏနှင့် ပုဗ္ဗဏ္ဏ အထူး**

ပဲနောက်စသော ပဲမျိုးသည် **အပရဏ္ဏ** မည်ပါသည်။

ကောက်ကြီးစသော စပါးမျိုးသည် **ပုဗ္ဗဏ္ဏ** မည်ပါသည်။ (၄၅၀)

**၁၁၇။ ပလာလ မည်ပုံ**

အသီးမရှိသော ကောက်ပင်စသည်သည် **ပလာလ**(ကောက်ရိုး) မည်ပါသည်။ (၄၅၃)

**၁၁၈။ ထမ္ဗ မည်ပုံ**

**မြက်စသည်တို့၏ချုံသည် ထမ္ဗ(မြက်ဖုတ်) မည်ပါသည်။** (၄၅၄)

**၁၁၉။ ဓာနာနှင့် မန္ထ အထူး**

လှော်အပ်သော မုယော(မရွေး)သည် **ဓာနာ**(မရွေး) မည်၏။

မဆုပ်မလုံးအပ်သော မုံ့ညက်အထူးသည် **မန္ထ**(မုံ့ညက်) မည်၏။ (၄၆၃)

**၂၁။ သင်္ချာသဒ္ဒါတို့၏ လိင်အဆုံးအဖြတ်**

၁။ ဧကအစ အဋ္ဌာရသ အဆုံးရှိသော သင်္ချာသဒ္ဒါတို့သည် သင်္ချေယျပဓာနဖြစ်အံ့ လိင်(၃)ပါး၌ဖြစ်ပါသည်။

၂။ ဝီသတိအစ နဝုတိ အဆုံးရှိသော သင်္ချာသဒ္ဒါတို့သည် သင်္ချာပဓာနသော်လည်းကောင်း သင်္ချေယျပဓာနသော်လည်းကောင်းဖြစ်အံ့ - ဧကဝုစ်၌ဖြစ်ပါသည်။ အစုကွဲပြားအံ့ - ဣတ္ထိလိင် ဗဟုဝုစ်၌ဖြစ်ပါသည်။ (၄၇၃)

**၁၂၂။ သင်္ချာအပြား**

သတံ(တစ်ရာ)၊ သဟဿံ(တစ်ထောင်)၊ နိယုတံ(တစ်သောင်း)၊

လက္ခံ(တစ်သိန်း)၊ ကောဋိ(တစ်ကုဋေ)၊ ပကောဋိ၊ ကောဋိပကောဋိ၊ နဟုတံ၊ နိန္နဟုတံ၊ အက္ခောဘနီ၊ ဗိန္ဒု၊ အဗ္ဗုဒ၊ နိရဗ္ဗုဒ၊ အဟဟ၊ အဗဗ၊ အဋဋ၊ သောဂန္ဓိက၊ ဥပ္ပလ၊ ကုမုဒ၊ ပုဏ္ဍရီက၊ ပဒုမ၊ ကထာန၊ မဟာကထာန၊ အသင်္ချေယျ။ (၄၇၄)

**မှတ်ချက်။ ။ ကန္တည်းသဒ္ဒါကြီး-တဒ္ဓိတ်ကျမ်း-သကနာမေဟိသုတ် အတိုင်းပင် ဖြစ်ပါသည်။**

## ၁၂၀။ ဟိရည, ကုပ္ပ, ရူပိယတို့၏ အထူး

ခတ်ပြီး,မခတ်သေးသော (ဝါ)အတည်ဝတ္ထုလုပ်ပြီး,မလုပ်သေးသော ရွှေငွေသည်ဟိရည(ကောသ) မည်ပါသည်။

ခတ်ပြီး,မခတ်သေးသော (ဝါ)အဝတ်အထည် လုပ်ပြီး,မလုပ်သေးသော ထိုရွှေငွေမှတစ်ပါးသော ကြေးနီစသောဝတ္ထုသည် ကုပ္ပ မည်ပါသည်။

အရုပ်တံဆိပ် ခပ်နှိပ်အပ်သော ဟိရည, ကုပ္ပ (၂)ပါးသည် **ရူပိယ** မည်ပါသည်။ (၄၈၆)

## ၁၂၄။ ဇရဂ္ဂဝ မည်ပုံ

ကြီးရင့်သောနွားသည် **ဇရဂ္ဂဝ**(နွားအို) မည်ပါသည်။ (၄၉၆)

## ၁၂၅။ ဝဟ မည်ပုံ

ပခုံးအရပ်သည် **ဝဟ**(နွားပခုံး) မည်ပါသည်။ (၄၉၇)

## ၁၂၆ သြရဗ္ဘိက စသည်တို့၏ အထူး

ဆိတ်,သိုးတို့ကိုသတ်၍ အသက်မွေးသူတို့သည် **သြရဗ္ဘိက** မည်ပါသည်။

ဝက်ကိုသတ်၍အသက်မွေးသူတို့သည် **သူကရိက** မည်ပါသည်။

သားကိုသတ်၍အသက်မွေးသူတို့သည် **မာဂဝိက** မည်ပါသည်။

ငှက်ကိုသတ်၍အသက်မွေးသူတို့သည် **သာကုဏိက** မည်ပါသည်။ (၅၁၃)

## ၁၂၇။ ဘုဇိဿ မည်ပုံ

ကျွန်မဟုတ်သူ တော်လှန်ပြီးသူတို့သည် **ဘုဇိဿ**(တော်လှန်သူ) မည်ပါသည်။ (၅၁၆)

### ၁၂၈။ အဋ္ဋက္က မည်ပုံ

ရှုံးသောအဖြစ်သို့ရောက်သော ခွေးသည် **အဋ္ဋက္က**(ခွေးရူး) မည်ပါသည်။ (၅၁၉)

### ၁၂၉။ ဂဒ္ဒူလ မည်ပုံ

ခွေးကိုဖွဲ့ချည်သောဝတ္ထုသည်**ဂဒ္ဒူလ**(တောက်)မည်၏။ (၅၂၀)

### ၁၃၀။ ပေါတ္ထကနှင့် ပေါတ္ထလိကာ အထူး

မြေညက်ဖြင့် ယမင်းရုပ်စသည်ကို ပြုလုပ်ပေးခြင်းစသောအမှုသည် **ပေါတ္ထ**(ဆေးခြယ်ခြင်း) မည်၏။

အဝတ်,ဆင်စွယ်စသည်ဖြင့် ပြုလုပ်အပ်သောအရုပ်သည် **ပေါတ္ထလိကာ** (ယမင်းရုပ်) မည်၏။ **ပဉ္စာလိကာ**လည်းမည်၏။ (၅၂၃)

### ၁၃၁။ သိက္ကာ မည်ပုံ

ထမ်းပိုး၌ဆွဲအပ်သော ကြိုးကြိမ်အထူးသည် **သိက္ကာ**(ဆိုင်း) မည်ပါသည်။ (၅၂၅)

### ၁၃၂။ မူသာ မည်ပုံ

ရွှေစသည်ကိုကျင်ရာခွက်သည်**မူသာ**(မိုက်ခွက်) မည်ပါသည်။ (၂၅၆)

### ၁၃၄။ ဂဂ္ဂရီ မည်ပုံ

ပန်းဘဲသမားတို့၏သားရေအိတ်သည်**ဂဂ္ဂရီ**(ဘားဖို) မည်ပါသည်။ (၅၂၇)

### ၁၃၅။ သိပ္ပ မည်ပုံ

ကလာစသော (၀ါ)ဝဏ္ဏာယနကျမ်းလာနစ္စာ,ဝါဒနစသော (၆၄)ပါးသော ဗာဟိရအမှုအရာသည်လည်းကောင်း၊ လည်ဖက်ခြင်း,နမ်းစုပ်ခြင်းစသော

(၆၄)ပါးသော အဗ္ဗန္တရအမှုအရာစသော အမှုသည်လည်းကောင်း **သိပ္ပ** (ကလာစသောအတတ်) မည်ပါသည်။ (၅၂၈)

## ၁၃၆။ လိင်အညွှန်း

သုဒ္ဒဝဂ်၌ တစ္ဆက၊ သုဝဏ္ဏ၊ ကာရ စသော အနွတ္ထသဒ္ဒါတို့ကို ကျမ်းဂန်တို့၌ အတွေ့အကြုံများသည်၏အဖြစ်ကြောင့် ပုလ္လိင်တစ်မျိုးဖြင့်သာ ရေးသားထားပါသည်။ ပုလ္လိင်မှတစ်ပါး တ္တတ္တိလိင်စသည်၌ဖြစ်ခဲ့သော် ဝိသေသနတို့၏ထိုဝိသေသျသဘောရှိသည်၏အဖြစ်ကြောင့်တ္တတ္တိလိင်စသော လိင်တစ်ပါး၌လည်း သိရမည်ဖြစ်ပါသည်။ (၅၃၅)။

## ၁၃၇။ အာရာမ မည်ပုံ

မြို့မှမဝေးလွန်းသောအရပ်၌ လူကုံထံတို့သည် စိုက်ပျိုးအပ်သော သစ်ပင်အပေါင်းသည် **အာရာမ** မည်၏။(ဥပဝနလည်းမည်၏)။ (၅၃၇)

## ၁၃၈။ ဥယျာန မည်ပုံ

မင်းတို့၏ လူခပ်သိမ်းတို့နှင့်ဆက်ဆံသောတောသည် **ဥယျာန** မည်ပါသည်။ (၅၃၈)

## ၁၃၉။ ပမဒဝန မည်ပုံ

နန်းတွင်းသူတို့အားသာ သင့်လျော်လျောက်ပတ်သောဥယျာဉ်သည် **ပမဒဝန** မည်ပါသည်။ (၅၃၈)

## ၁၄၀။ ဝနပ္ပတိ မည်ပုံ

အပွင့်ကင်း၍ (ဝါ)အပွင့်မပွင့်ဘဲ အသီးသာသီးသော သစ်ပင်သည် **ဝနပ္ပတိ**(တောစိုးသစ်ပင်) မည်ပါသည်။ (၅၄၀)

## ၁၄၁။ ဩသဓိ မည်ပုံ

ငှက်ပျော,ဂျုံ,စပါးစသည်တို့သည် အသီးမှည့်သည်၏အဆုံး၌ သေတတ်သောကြောင့် **ဩသဓိ**မည်ပါသည်။ (၅၄၁)

## ၁၄၂။ ဝက္ခ မည်ပုံ

အပွင့်စသည်တို့၏အညှာသည် **ဝဏ္ဍ** မည်ပါသည်။ (၅၄၄)

၁၄၃။ ပရာဂ မည်ပုံ

အပွင့်၌ဖြစ်သောဝတ်မှုံသည် **ပရာဂ** မည်ပါသည်။ (၅၄၅)

၁၄၄။ ခန္ဓ မည်ပုံ

အမြစ်ကိုအစပြု၍ အခက်အပိုင်းအခြားတိုင်အောင်သော သစ်ပင်တို့၏အဖို့သည် **ခန္ဓ** (ပင်စည်) မည်ပါသည်။ (၅၄၈)

၁၄၅။ ဝိရု မည်ပုံ

အခက်အရွက် အယှက်ယှက်တည်သော ကွမ်းစသောနွယ်သည် **ဝိရု** မည်ပါသည်။ (၅၅၀)

၁၄၆။ ဩသဓိနှင့် ဩသဓ အထူး

(က) အသီးမှည့်ခြင်းလျှင်အဆုံးရှိသော ကဒလီ,ဝီဟိစသည်သည် ဇာတ်သက်သက်၌ဖြစ်မူ **ဩသဓိ** မည်ပါသည်။

(ခ) အလုံးစုံသော ကဒလီ, ဝီဟိ, တိဖလ, ဃတ, မဓုစသည် သည် ဇာတ်နှင့်မရောမယှက် သက်သက်ရောဂါပယ်ဖျောက်ခြင်း၌သာဖြစ်မူ **ဩသဓ** မည်ပါသည်။ (၅၉၂)

၁၄၇။ ကီစက မည်ပုံ

ပေါက်အခေါင်းမှ ဝင်သောလေကြောင့် လှုပ်ကုန်သည်ဖြစ်၍ မြည်တတ်သောဝါးတို့သည် **ကီစကာ** မည်ပါသည်။ (၆၀၀)

၁၄၈။ ဥသီရ မည်ပုံ

ပြိတ်မြက်၏ (ဝါ) မြက်မွှေး၏အမြစ်သည် **ဥသီရ** မည်ပါသည်။ (၆၀၁)

၁၄၉။ အဓိစ္စကာနှင့် ဥပစ္စကာ အထူး

တောင်၏အထက်သည် **အဓိစ္စကာ** မည်၏။

တောင်၏အနီးဖြစ်သောမြေသည် **ဥပစ္စကာ** မည်၏။ (၆၁၀)

၁၅၀။ ဂေါနဂ္ဂုလ မည်ပုံ

ညိုသောမျက်နှာရှိသောမျောက်သည် **ဂေါနင်္ဂုလ** မည်၏။ (၆၁၄)

## ၁၅၁။ မိဂ(ပသု) မည်ပုံ

ခြသေ့ံအစရှိကုန်သော အလုံးစုံခြေလေးချောင်းရှိကုန်သော သတ္တဝါတို့သည် **မိဂ** မည်ပါသည်။ (ပသု လည်းမည်၏)။ (၆၂၀)

## ၁၅၂။ ဝဂ္ဂ စသည်တို့၏ အထူး

(၁) ဇာတ်စသည်တူသော သတ္တဝါတို့၏အပေါင်းသည် **ဝဂ္ဂ** မည်ပါသည်။

(၂) ဇာတ်တူ,မတူသော သတ္တဝါတို့၏အပေါင်းသည် **သံဃ** မည်ပါသည်။ (သတ္ထ လည်းမည်၏)။

(၃) ဇာတ်တူသတ္တဝါတို့၏အပေါင်းသည် **ကုလ** မည်ပါသည်။

(၄)အကျင့်တူသူတို့၏အပေါင်းသည် **နိကာယ** မည်ပါသည်။

(၅) ဇာတ်တူတိရစ္ဆာန်တို့၏အပေါင်းသည် **ယူထ** မည်ပါသည်။

ဤသို့ထူးပါသည်။ (၆၃၁)

## ၁၅၃။ အန္တရီပ မည်ပုံ

ရေအလယ်၌တည်သော ကြည်းကုန်းသည် **အန္တရီပ** မည်ပါသည်။ (ဒီပလည်းမည်၏)။ (၆၆၄)

## ၁၅၄။ သုယတ္တိကာ မည်ပုံ

လှေ,သင်္ဘောဖြင့် ကုန်သွယ်ခြင်းကို ပြုကုန်သောသူတို့သည် **သံယတ္တိကာ** မည်ပါသည်။ (၆၆၇)

## ၁၅၅။ အဗ္ဗာသေက မည်ပုံ

စိတ်,မျက်စိတို့၏ နှစ်သက်ခြင်းကို ဖြစ်စေတတ်သောဝတ္ထုသည် **အဗျာသေက** မည်ပါသည်။ (အသေစန လည်းမည်၏)။ (၆၉၇)

## ၁၅၆။ ပရောသတ မည်ပုံ

သတ စသည်မှ ပိုလွန်သောဝတ္ထု,ဒြပ်တို့၏ အတိုင်းအရှည်သည်

**ပရောသတ** မည်ပါသည်။ (၇၀၄)

**၁၅၇။ ကုဋ္ဋ မည်ပုံ**

တစ်ခုတည်းသောသဘောဖြင့် အခါခပ်သိမ်းနှံ့၍တည်သော နိဗ္ဗာန်, ကောင်းကင်စသည်သည် **ကုဋ္ဋ** မည်ပါသည်။ (၇၁၀)

**၁၅၈။ ထာဝရနှင့် ဇင်္ဂမ အထူး**

ဇင်္ဂမဝတ္ထုမှ တစ်ပါးသောဝတ္ထုသည် **ထာဝရ** မည်ပါသည်။

နေရာမှရွေ့တတ်သော အရာသည် **ဇင်္ဂမ** မည်ပါသည်။ (၇၁၂)

**၁၅၉။ ပစ္စက္ခနှင့် အပစ္စက္ခ အထူး**

ဣန္ဒြေငါးပါးတို့ဖြင့် ယူအပ်သောအာရုံသည် **ပစ္စက္ခ** မည်၏။

ဣန္ဒြေငါးပါးကို လွန်သောအာရုံသည် **အပစ္စက္ခ** မည်၏။ ဤသို့ ထူးပါသည်။ (၇၁၆)

**၁၆၀။ ဥဿုက မည်ပုံ**

အလိုရှိအပ်သောအကျိုး၌ အားထုတ်သောသူသည် **ဥဿုက** မည်ပါသည်။ (၇၂၇)

**၁၆၁။ ကုဏ္ဍ မည်ပုံ**

အမှုတို့၌ ပျင်းရိထိုင်းမှိုင်းသောသူသည် **ကုဏ္ဍ** မည်ပါသည်။ (၇၂၉)

**၁၆၂။ ဧဠမူဂ မည်ပုံ**

ပြောဆိုခြင်းငှါလည်းကောင်း, နားထောင်ခြင်းငှါလည်းကောင်း မလိမ္မာသောသူသည် **ဧဠမူဂ** (လူအ,နားပင်းသူ) မည်ပါသည်။ (၇၃၄)

**၁၆၃။ စပလ မည်ပုံ**

မစူးစမ်း,မဆင်ခြင်မူ၍ သတ်ခြင်း,နှောင်ဖွဲ့ခြင်းစသော ကိစ္စကို ပြုကျင့်တတ်သောယောကျ်ားသည် မဆုံးဖြတ်အပ်သောအမှုကို ပြုလေ့ရှိသည်၏ အဖြစ်ကြောင့် **စပလ** မည်ပါသည်။ (၇၃၈)

### ၁၆၄။ ကာကတာလိယ မည်ပုံ

မကြံမစည် မရည်မစောင် ရောက်သောအမှုသည် (ဝါ)ထန်းသီး ကြွေခိုက် ကျီးပျံခိုက်နှင့်တူသောအမှုသည် **ကာကတာလိယ** မည်ပါသည်။ (၇၄၀)

### ၁၆၅။ ယဒိစ္ဆာ မည်ပုံ

အကြောင်းကင်း၍ဖြစ်ခြင်းသည် **ယဒိစ္ဆာ** မည်ပါသည်။ (၇၆၀)

**မှတ်ချက်။ ။ အဓိပ္ပါယ်အခန်း၌မပါသော အဓိပ္ပါယ်တို့ကိုမေးလာပါက ပရိယာယ်(၁)အတိုင်းဖြေပါလေ။**

အဓိပ္ပါယ်အခန်း ပြီး၏။

⁂ ⁂ ⁂

# အဘိဓာန်မှတ်စု နောက်ဆက်တွဲ

**မေး။** ။ အဘိဓာန်သင်ရခြင်းအကျိုး(၃)ပါးကို ပဋိညာ(ဃ)အလို ရေးသား ဖြေဆိုခဲ့ပါ။

**ဖြေ။** ။ (၁) နာမ်,လိင်တို့၌ လိမ္မာခြင်း။
(၂) အနက်ကိုဆုံးဖြတ်နိုင်ခြင်း၏အကြောင်းဖြစ်ခြင်း။
(၃) မြတ်စွာဘုရားပါဠိတော်၌တတ်မြောက်လိုသူတို့၏ ကြီးမားသောအားဖြစ်ခြင်း။
အားဖြင့် (၃)ပါး ဖြစ်ပါသည်။

**မှတ်ချက်။ ။ သဒ္ဒကဏ္ဍ နောက်ဆုံးဂါထားလည်း အဘိဓာန်သင်ရခြင်း၏ အကျိုးပင်တည်း။**

**မေး။** ။ အဘိဓာန်ကျမ်းသစ်ကို ရေးသားရခြင်းအကြောင်းကိုဖြေဆိုပါ။

**ဖြေ။** ။ မြတ်စွာဘုရားပါဠိတော်အား ထိုက်လျော်ကုန်သောနာမ်,လိင်တို့ကို ပြလိုသောကြောင့် အဘိဓာန်ကျမ်းသစ်ကို ရေးရပါသည်။ (ပဋိညာ - င)

**မေး။** ။ အဘိဓာန်ကျမ်း၌ လိင်သိနိုင်သောနည်း(၃)မျိုးကို ရေတွက်ပြခဲ့ပါ။

**ဖြေ။** ။ (၁) ရူပဘေဒနည်း။
(၂) သာဟစရိယ နည်း။
(၃) အာဟစ္စဝိဓာန နည်း။
အားဖြင့်(၃)ပါးဖြစ်ပါသည်။ (ပရိဘာသာ - စ)

**မေး။** ။ ရူပဘေဒနည်းဟူသည် အဘယ်နည်း။

**ဖြေ။** ။ ရူပဘေဒနည်းဟူသည် များသောအားဖြင့် အာကာသဂင်္ဂါ, မန္ဒာကိနီ, ဗုဒ္ဓေါ, ဒသဗလော, တာဏံ, လေဏံ စသောအရာတို့၏ အာ, ဤ, ဩ, နိဂ္ဂဟီတန္တ

ရုပ်အထူးဖြင့် လိင်ကိုသိရမည်ဖြစ်ပါသည်။

**မေး**။ ။ သာဟစရိယနည်းဟူသည် အဘယ်နည်း။

**ဖြေ**။ ။ သာဟစရိယနည်းဟူသည် သုဇမ္ပတိ, သဟာဿက္ခောစသော အရာတို့၌ သဟဿက္ခ – သဒ္ဒါသည် ရုပ်အထူးအားဖြင့် ပုလ္လိင်ထင်ရှား၏။ သုဇမ္ပတိ – သဒ္ဒါသည် လိင်(၃)ပါး၌ ရုပ်မထူးသော်လည်း သဟဿက္ခ – သဒ္ဒါနှင့်တကွ တည်ခြင်းကြောင့် သုဇမ္ပတိ – သဒ္ဒါကို ပုလ္လိင်ဟု သိရမည်ဟုပြပါသည်။

**မေး**။ ။ အာဟစ္စဝိဓာန နည်းဟူသည် အဘယ်နည်း။

**ဖြေ**။ ။ အာဟစ္စဝိဓာန နည်းဟူသည် ပကတိတ္ထိယံ – စသောအရာ၌ ဣတ္ထိယံ – ဟု အထူးစီရင်ခြင်းကြောင့် ပကတိ – သဒ္ဒါကို ဣတ္ထိလိင်ဟု သိရမည်ဟုပြပါသည်။

**မေး**။ ။ အဘိဓာန်တစ်ကျမ်းလုံးအတွက် သိမှတ်ဖွယ်တို့ကို ရေးခဲ့ပါ။

**ဖြေ**။ ။ (က) ဒွိသု – ဟုတွေ့လျှင် ပုလ္လိင်, ဣတ္ထိလိင်ဟု မှတ်ပါ။

(ခ) တီသု – ဟုတွေ့လျှင် လိင်(၃)ပါးဟု မှတ်ပါ။

(ဂ) တု – သဒ္ဒါ အထ – သဒ္ဒါတို့ကိုတွေ့အံ့ – အမည်ပရိယာယ် တစ်ပါးကိုအားထုတ်လို၍ထားသည်ဟု မှတ်ပါ။

(ဃ) မပြားသောလိင်ရှိသော သဒ္ဒါ (ဝါ)လိင်တူသော သဒ္ဒါတို့ကို ဒွန်သမာသ်ပြုလုပ်သည်ဟု မှတ်ပါ။

(င) အဆုံး,အလယ်၌ ဣတ္ထိယံ, ပုမေ, နပုံသကေ စသော လိင်ပုဒ်ကိုတွေ့အံ့ – ရှေ့ပုဒ်အတွက်ဟု မှတ်ပါ။

(စ) အစ၌ ဣတ္ထိယံ စသည်တွေ့အံ့ – နောက်ပုဒ်အတွက် ဟု မှတ်ပါ။

(ဆ) အဘိဓာန်ကျမ်း၌ များသောအားဖြင့် မြတ်စွာဘုရား၏ ပိဋကသုံးပုံမှ ယူ၍လည်းကောင်း, အနည်းငယ်အားဖြင့် နိဃဏ္ဍုကျမ်းမှ ယူ၍လည်းကောင်း ရေးသားထားပါသည်။ (ပရိဘာသာ – ဆ,ဇ,ဈ)

***မှတ်ချက်။ ။ ဥဇ္ဇာရော–၌ သော–သုတ်ဖြင့် သိဝိဘတ်ကို ဩ–ပြုထား သည်ကို သတိပြုပါ။ (ရုပ်မြင်ရုံနှင့်သိက– ရူပန္တရနည်းဟုမှတ်လေ)။***

**မေး။** ။ ဒေဟနီ – သဒ္ဒါကို မည်သည့်နည်းအရ မည်သည့်လိင်ဟုသိရ မည်နည်း၊ သာဓကပြ၍ ဆုံးဖြတ်ပြခဲ့ပါ။

**ဖြေ။** ။ ဒေဟနီ – သဒ္ဒါကို အာဟစ္စဝိဓာနနည်းအရ ဣတ္ထိလိင်ဟု သိရပါမည်။

**သာဓကကား** – ဥမ္မာရော ဒေဟနိတ္ထိယံ ။ (၂၁၉)

***မှတ်ချက်။ ။ ဣတ္ထိယံ–ဟု တိုက်ရိုက်ပြထားသည်ကို သတိပြုပါ။ တိုက်ရိုက်ပြက အာဟစ္စဝိဓာနနည်း ဟုမှတ်ပါ။***

**မေး။** ။ ဝတြဘူ – သဒ္ဒါကို မည်သည့်နည်းအရ မည်သည့်လိင်ဟု သိရ မည်နည်း၊ သာဓကပြ၍ ဆုံးဖြတ်ပြခဲ့ပါ။

**ဖြေ။** ။ ဝတြဘူ – သဒ္ဒါကို သာဟစရိယနည်းအရ ပုလ္လိင်ဟု သိရပါသည်။

**သာဓကကား** – ဝတြဘူ ပါကသာသနော ။ (၂၀)

**မှတ်ချက်။ ။ ဝတြဘူ–သဒ္ဒါသည် လိင်မထင်ရှားသော်လည်း ပါကသာသနော ဟူသော ပုလ္လိင်နှင့်တွဲနေသောကြောင့် ပုလ္လိင်ဟု ဆုံးဖြတ်ရပါသည်။** ***(တွဲပုဒ်ကိုကြည့်ပြီး လိင်သိရသောနည်းကို သာဟစရိယ နည်းဟု မှတ်ပါ။)***

### အထူးတိုက်တွန်းချက်

အဘိဓာန်ကျမ်းလာ ပုဒ်အားလုံးကို နည်းသုံးမျိုးတို့ဖြင့် လိင်ဆုံးဖြတ် တတ်အောင်ကြိုးစားပါလေ…။

### ကျက်မှတ်ရန် ဆောင်ပုဒ်

**ရုပ်မြင်လိင်သိ၊ ရူပန် – ညို၊ မှတ်သိသောတုနာ။**
**တိုက်ရိုက်ပြရာ၊ အာဟစ္စာ၊ မှတ်ပါသောတုနာ။**
**တွဲဘက်ကိုကြည့်၊ သာဟ – သိ၊ မှတ်ဘိသောတုနာ။**
**လိင်ဆုံးဖြတ်ငြား၊ ဤသုံးပါး၊ မှတ်သားမမေ့ရာ။**

အဘိဓာန်သရုပ်ခွဲအခန်း
ပြီးပါပြီ။

# ပါဠိ, မြန်မာအဘိဓာန်အခန်း

## ပရိယာယ်(၁)

°°°°°°°°°°°°°°°°°°°°

| | | | |
|---|---|---|---|
| ၁။ | သုဇာ | = သိကြားမယားသုဇာ။ | (၂၀) |
| ၂။ | ဝေဇယန္တ | = ဝေဇယန္တာပြာသာဒ်။ | (၂၁) |
| ၃။ | သုဓမ္မာ | = သုဓမ္မာဇရပ်။ | (၂၂) |
| ၄။ | ဝေဇယန္တ | = ဝေဇယန္တာရထား။ | (၂၂) |
| ၅။ | မာတလိ | = မာတလိရထားထိန်း။ | (၂၂) |
| ၆။ | ဧရာဝဏ | = ဧရာဝဏ်ဆင်။ | (၂၂) |
| ၇။ | ပဏ္ဍုကမ္ဗလ | = ပဏ္ဍုကမ္ဗလာ (ထိုင်နေရာကျောက်ဖျာ) | (၂၂) |
| ၈။ | သုဝီရ | = သိကြားမင်း၏သား။ | (၂၃) |
| ၉။ | နန္ဒာ | = နန္ဒာရေကန်။ | (၂၃) |
| ၁၀။ | ဂန္ဓဗ္ဗ | = ဂန္ဓဗ္ဗနတ်ကချေသည်မျိုး။ | (၂၄) |
| ၁၁။ | ဂဒါ | = ကုဝေရနတ်မင်း၏သံတင်းပုတ်လက်နက်။ | (၃၂) |
| ၁၂။ | ကုက္ကုဠ | = ပြာပူ။ | (၃၆) |
| ၁၃။ | အင်္ဂါရ | = မီးကျီးခဲ။ | (၃၆) |
| ၁၄။ | အပါန | = ဝင်သက်လေ။ | (၃၉) |
| ၁၅။ | အာန | = ထွက်သက်လေ။ | (၃၉) |
| ၁၆။ | ဂိရိမေခလာ | = ဂိရိမေခလာဆင်။ | (၄၃) |
| ၁၇။ | နယနာဝုဓ | = ယမမင်း၏မျက်စိလက်နက်။ | (၄၄) |

| | | | |
|---|---|---|---|
| ၁၈။ | ဒုဒ္ဒိန | = မိုးအုံ့သောနေ့။ | (၅၀) |
| ၁၉။ | ကလာ | = လ၏အစိတ်။ | (၅၃) |
| ၂၀။ | အဒ္ဓ | = တူသောအဖို့။ | (၅၄) |
| ၂၁။ | သုသမာ | = လွန်မြတ်သောတင့်တယ်ခြင်း။ | (၅၅) |
| ၂၂။ | အရုဏ | = အရုဏ်။ | (၆၅) |
| ၂၃။ | ဖုဏ္ဏာ | = လဆန်းပက္ခ။ | (၆၉) |
| ၂၄။ | တိမိသိကာ | = အလွန်မှောင်သောညဥ့်။ | (၆၉) |
| ၂၅။ | အန္ဓတမ | = တစ်ခဲနက်အမိုက်မှောင်။ | (၇၂) |
| ၂၆။ | ယာမ | = ယာမ်။ | (၇၂) |
| ၂၇။ | ပါဋိပဒ | = အထွက်နေ့(ဝါ)နှစ်ခုမြောက်သောနေ့။ | (၇၂) |
| ၂၈။ | တိထိ | = သုံးခုမြောက်သောနေ့။ | (၇၂) |
| ၂၉။ | အဟောရတ္တ | = တစ်ရက်။ | (၇၄) |
| ၃၀။ | ပက္ခ | = တပက္ခ(ဝါ)တစ်ဆယ့်ငါးရက်။ | (၇၄) |
| ၃၁။ | သုက္ကပက္ခ | = လဆန်း။ | (၇၄) |
| ၃၂။ | ကာဠပက္ခ | = လဆုတ်။ | (၇၄) |
| ၃၃။ | မာသ | = လ။ | (၇၄) |
| ၃၄။ | ဒက္ခိဏာယန | = ဒက္ခိဏာယာဉ်။ | (၈၀) |
| ၃၅။ | ဥတ္တရာယန | = ဥတ္တရာယာဉ်။ | (၈၁) |
| ၃၆။ | ဒနု | = အသုရာ၏အမိ။ | (၈၃) |
| ၃၇။ | အဒိတိ | = နတ်တို့၏အမိ။ | (၈၃) |
| ၃၈။ | ပဒဋ္ဌာန | = အလွန်နီးသောအကြောင်း။ | (၉၂) |
| ၃၉။ | ပဏ္ဍု | = ဖျော့သောအဆင်း။ | (၉၆) |
| ၄၀။ | ဓူသရ | = စဉ်းငယ်ဖျော့သောအဆင်း။ | (၉၆) |
| ၄၁။ | အရုဏ | = အရုဏ်အဆင်း(ဝါ)စဉ်းငယ်နီသောအဆင်း။ | (၉၇) |

| | | | |
|---|---|---|---|
| ၄၂။ | ပါဠုလ | = ပန်းရောင်အဆင်း (ဝါ) နှင်းဆီပွင့်အဆင်း။ | (၉၇) |
| ၄၃။ | သာဝ | = တိမ်ဝါရောင်အဆင်း။ | (၉၉) |
| ၄၄။ | ရင် | = ကရာဌာန။ | (၁၀၁) |
| ၄၅။ | အဘိနယ | = ကိုယ်ဟန်ပြမှု။ | (၁၀၁) |
| ၄၆။ | သိင်္ဂါရ | = ချစ်ကြိုက်ခြင်း။ | (၁၀၃) |
| ၄၇။ | ဝါကျ | = ပုဒ်အပေါင်း။ | (၁၀၆) |
| ၄၈။ | အာမေဍိတ | = နှစ်ကြိမ်,သုံးကြိမ်ဆိုခြင်း။ | (၁၀၆) |
| ၄၉။ | တယီ | = ဗေဒင်သုံးပုံ။ | (၁၀၈) |
| ၅၀။ | ဣတိဟာသ | = ပုံပြင်ရာဇဝင်။ | (၁၁၁) |
| ၅၁။ | နိဃဏ္ဍု | = အဘိဓာန်။ | (၁၁၁) |
| ၅၂။ | လောကယတ | = လောကာယတကျမ်း | (၁၁၂) |
| ၅၃။ | ကေဋုဘ | = အလင်္ကာကျမ်း။ | (၁၁၂) |
| ၅၄။ | အာချာယိက | = ကိုယ်တွေ့စာပေဝတ္ထု။ | (၁၁၃) |
| ၅၅။ | ကထာ | = စိတ်ကူးယဉ်ဒဏ္ဍာရီဝတ္ထု။ | (၁၁၃) |
| ၅၆။ | နီတိ | = စာဏကျစသောနီတိ။ | (၁၁၃) |
| ၅၇။ | အဗ္ဘက္ခာန | = စွပ်စွဲခြင်း။ | (၁၁၆) |
| ၅၈။ | ဃောသန | = ကြွေးကြော်ခြင်း။ | (၁၁၇) |
| ၅၉။ | ကေကာ | = ဥဒေါင်းတွန်သံ။ | (၁၁၉) |
| ၆၀။ | ကောဉ္စနာဒ | = ဆင်အစ်သံ။ | (၁၁၉) |
| ၆၁။ | ဟေသာ | = မြင်းဟီးသံ။ | (၁၁၉) |
| ၆၂။ | ပရိဘာသန | = မြည်တွန်ခြင်း။ | (၁၂၁) |
| ၆၃။ | အဘိဝါကျ | = မတရားပြောခြင်း။ | (၁၂၂) |
| ၆၄။ | အနုလာပ | = အထပ်ထပ်ပြောစကား။ | (၁၂၃) |
| ၆၅။ | ပလာပ | = ပလီပလာအကျိုးမဲ့စကား။ | (၁၂၃) |
| ၆၆။ | အာလာပ | = နှုတ်ဆက်စကား။ | (၁၂၃) |

| | | | |
|---|---|---|---|
| ၆၇။ | ဖရုသ | = ကြမ်းတမ်းသောစကား။ | (၁၂၅) |
| ၆၈။ | ဟာဒယင်္ဂမ | = ကြင်နာစကား။ | (၁၂၅) |
| ၆၉။ | အဗဒ္ဓ | = မစပ်စကား။ | (၁၂၆) |
| ၇၀။ | ဝိတထ | = အလွန်များသောစကား။ | (၁၂၆) |
| ၇၁။ | ဝသိတ | = တိရစ္ဆာန်တို့၏တွန်သံ။ | (၁၃၀) |
| ၇၂။ | သရမဏ္ဍလ | = အသံဝန်း။ | (၁၃၁) |
| ၇၃။ | ပရိဝါဒိနီ | = ကြိုးခုနစ်ချောင်းရှိသောစောင်း။ | (၁၃၈) |
| ၇၄။ | ပေါက္ခရ | = စောင်းခွက်။ | (၁၃၈) |
| ၇၅။ | အာတတ | = တဘက်ပိတ်စည်။ | (၁၄၀) |
| ၇၆။ | ဝိတတ | = နှစ်ဘက်ပိတ်စည်။ | (၁၄၁) |
| ၇၇။ | အာတတဝိတတ | = သားရေအားလုံးကြက်စည်။ | (၁၄၁) |
| ၇၈။ | သုသိရ | = နှဲ,ပလွေ,ခရုသင်းစသော တူရိယာ။ | (၁၄၂) |
| ၇၉။ | ဃန | = ခွက်ခွင်း,ကြေးနင်းစသောတူရိယာ။ | (၁၄၂) |
| ၈၀။ | ကောဏ | = စည်လက်ခတ်။ | (၁၄၄) |
| ၈၁။ | မဒ္ဒလ | = စည်အထူး။ | (၁၄၄) |
| ၈၂။ | ပရိမလ | = နှစ်သက်ဘွယ်နံ့သာ | (၁၄၅) |
| ၈၃။ | အာမောဒ | = လှိုင်သောနံ့သာ | (၁၄၅) |
| ၈၄။ | ဥဿောဠှီ | = လွန်သောဝီရိယ။ | (၁၅၈) |
| ၈၅။ | လာလသာ | = လွန်ကဲသောတဏှာ။ | (၁၆၃) |
| ၈၆။ | ဦသ | = ဆားဆပ်ပြာမြေ။ | (၁၈၂) |
| ၈၇။ | ဇင်္ဂလ | = ကြမ်းတမ်းသောမြေ။ | (၁၈၂) |
| ၈၈။ | သဒ္ဒလ | = မြေနုကျွန်းပေါ်။ | (၁၈၇) |
| ၈၉။ | နဒီမာတိက | = မြစ်ရေဝင်အရပ်။ | (၁၈၈) |
| ၉၀။ | ဒေဝမာတိက | = မိုးရေဝင်အရပ်။ | (၁၈၈) |
| ၉၁။ | သဿတိ | = ထာဝရဝတ္ထု။ | (၁၈၉) |

| | | | |
|---|---|---|---|
| ၉၂။ | ပရိသရ | = မြို့တောင်ဥပစာ။ | (၁၉၀) |
| ၉၃။ | ဇောပဒိ | = လမ်းကျဉ်း။ | (၁၉၂) |
| ၉၄။ | အဒ္ဓါန | = ခရီးရှည်။ | (၁၉၃) |
| ၉၅။ | ရာဇဓာနီ | = မြို့တော်။ | (၁၉၈) |
| ၉၆။ | ခန္ဓဝါရ | = သစ်တပ်ခံတပ်မြို့။ | (၁၉၈) |
| ၉၇။ | သာခါနဂရ | = မြို့လက်။ | (၁၉၈) |
| ၉၈။ | ဗျူဟ | = လမ်းတို။ | (၂၀၂) |
| ၉၉။ | ပထဒွိ | = တောက်လျှောက်ခရီး (ဝါ)လမ်းရှည်။ | (၂၀၂) |
| ၁၀၀။ | ဟတ္ထိနခ | = ဆင်ခြေလျှော၌တည်သောအိမ်။ | (၂၀၈) |
| ၁၀၁။ | အမုယောဂ | = ဂဠုန်တောင်မိုးအိမ်။ | (၂၀၉) |
| ၁၀၂။ | မာဠ | = အထွဋ်တစ်ခုတပ်သော တန်ဆောင်း။ | (၂၀၉) |
| ၁၀၃။ | ပါသာဒ | = လေးထောင့်တိုက်အိမ်။ | (၂၀၉) |
| ၁၀၄။ | ဂန္ဓကုဋီ | = မြတ်စွာဘုရား၏နေရာ ကျောင်းတော်။ | (၂၁၁) |
| ၁၀၅။ | အဿမ | = သင်္ချိုင်းကျောင်း။ | (၂၁၂) |
| ၁၀၆။ | ကစ္ဆန္တရ | = ဘုရင့်သီးခြားခန်း။ | (၂၁၅) |
| ၁၀၇။ | နိဗ္ဗ | = တံစက်မြိတ်။ | (၂၁၇) |
| ၁၀၈။ | ပါဠိကာ | = လှေကားခြေနင်းခုံ။ | (၂၂၀) |
| ၁၀၉။ | ဂေါပါနသီ | = အခြင်ရနယ်ဒိုင်းမြှား။ | (၂၂၁) |
| ၁၁၀။ | ဝိဋ္ဌင်္က | = ခိုစင်။ | (၂၂၁) |
| ၁၁၁။ | ဝတ္ထု | = အိမ်ရာ စသောမြေ။ | (၂၂၅) |
| ၁၁၂။ | နိဂမ | = နိဂုမ်း။ | (၂၂၅) |
| ၁၁၃။ | မဟောသိ | = မိဖုရား။ | (၂၃၂) |
| ၁၁၄။ | ဘောဂိနီ | = မောင်းမ။ | (၂၃၂) |
| ၁၁၅။ | အဘိသာရိကာ | = လင့်ထံသွားသောမိန်းမ။ | (၂၃၂) |

| | | | |
|---|---|---|---|
| ၁၁၆။ | ကာလလ | = ကလလရေကြည်။ | (၂၃၉) |
| ၁၁၇။ | သြရသ | = သားရင်း။ | (၂၄၁) |
| ၁၁၈။ | သာလ | = ယောက်ဖ။ | (၂၄၄) |
| ၁၁၉။ | နနန္ဒာ | = ယောက်မ။ | (၂၄၅) |
| ၁၂၀။ | မာတုလာနီ | = အရီး။ | (၂၄၅) |
| ၁၂၁။ | သသု | = ယောက္ခမမိန်းမ။ | (၂၄၆) |
| ၁၂၂။ | သသုရ | = ယောက္ခမယောကျ်ား။ | (၂၄၆) |
| ၁၂၃။ | ဘာဂိနေယျ | = တူ။ | (၂၄၆) |
| ၁၂၄။ | ဒေဝရ | = မတ် ,ခဲအို။ | (၂၄၇) |
| ၁၂၅။ | ဇာမာတု | = သားမက်။ | (၂၄၇) |
| ၁၂၆။ | မာတုစ္ဆာ | = မိကြီး၊မိထွေး။ | (၂၄၈) |
| ၁၂၇။ | ပိတုစ္ဆာ | = အရီး။ | (၂၄၈) |
| ၁၂၈။ | ပိတု | = မိဘနှစ်ပါး။ | (၂၄၉) |
| ၁၂၉။ | ပုတ္တာ | = သား၊သမီး။ | (၂၄၉) |
| ၁၃၀။ | သသုရာ | = ယောက္ခမအစုံ။ | (၂၅၀) |
| ၁၃၁။ | ဘာတု | = မောင်နှမ။ | (၂၅၀) |
| ၁၃၂။ | ပလိတ | = ဆံဖြူ။ | (၂၅၁) |
| ၁၃၃။ | ဓမ္မိလ္လ | = ဖီးလိမ်းပြီးဆံထုံး။ | (၂၅၇) |
| ၁၃၄။ | ဇဋာ | = ဆံကျစ်။ | (၂၅၇) |
| ၁၃၅။ | သီမန္တ | = ထိပ်လယ်ဆံရေးကြောင်း။ | (၂၅၈) |
| ၁၃၆။ | မဿု | = မုတ်ဆိတ်ကျင်စွယ်။ | (၂၅၉) |
| ၁၃၇။ | ဒါဌာ | = အစွယ်။ | (၂၆၀) |
| ၁၃၈။ | အပါင် | = မျက်ထောင့်။ | (၂၆၀) |
| ၁၃၉။ | ဟာန | = မေး။ | (၂၆၂) |
| ၁၄၀။ | စုဗုက | = မေးဖျား။ | (၂၆၂) |

| | | | |
|---|---|---|---|
| ၁၄၂။ | ကမ္ဗုဂီဝါ | = ရွှေလည်တိုင်။ | (၂၆၃) |
| ၁၄၃။ | ဇတ္တု | = လည်ကုပ်။ | (၂၆၄) |
| ၁၄၄။ | ကစ္ဆ | = လက်ကတီး။ | (၂၆၄) |
| ၁၄၅။ | ပဿ | = နံပါး။ | (၂၆၄) |
| ၁၄၆။ | မဏိဗန္ဓ | = လက်ကောက်ဝတ်။ | (၂၆၅) |
| ၁၄၇။ | ကရဘ | = လက်ဝါးစောင်း။ | (၂၆၆) |
| ၁၄၈။ | ပသတ | = တလက်ဘက်။ | (၂၆၇) |
| ၁၄၉။ | ဗျာမ | = တလံ။ | (၂၆၉) |
| ၁၅၀။ | ပေါရိသ | = တသူ။ | (၂၆၉) |
| ၁၅၁။ | စူစုက | = နို့သီး။ | (၂၇၀) |
| ၁၅၂။ | ပူတိမုတ္တ | = နွားကျင်ငယ်။ | (၂၇၅) |
| ၁၅၃။ | ဆကဏ | = မြင်းချေးစသည်။ | (၂၇၅) |
| ၁၅၄။ | ဝတ္ထိ | = စည်ပေါင်း၊ဆီးခုံ။ | (၂၇၆) |
| ၁၅၅။ | အက္ခိက | = ညှပ်ရိုး။ | (၂၇၈) |
| ၁၅၆။ | အင်္ဂုလိယက | = လက်စွပ်။ | (၂၈၆) |
| ၁၅၇။ | အပာတ | = အဝတ်သစ်။ | (၂၉၃) |
| ၁၅၈။ | ဒသာ | = အဆာအမြိတ်။ | (၂၉၄) |
| ၁၅၉။ | နာလိပဋ္ဋ | = ဦးထုပ်။ | (၂၉၄) |
| ၁၆၀။ | ဂေါသီသ | = ဂေါသီသစန္ဒကူး။ | (၃၀၁) |
| ၁၆၁။ | တေလပဏ္ဏိက | = နံ့သာဖြူ။ | (၃၀၁) |
| ၁၆၂။ | ဟရိစန္ဒန | = စန္ဒကူးရွှေ။ | (၃၀၁) |
| ၁၆၃။ | ရတ္တစန္ဒန | = စန္ဒကူးနီ။ | (၃၀၁) |
| ၁၆၄။ | ကာဠာဂရု | = အကျော်နက်။ | (၃၀၂) |
| ၁၆၅။ | ဝါသန | = ထုံခြင်း။ | (၃၀၇) |
| ၁၆၆။ | အဉ္ဇနီ | = ညောင်စောင်းပေါင်။ | (၃၀၉) |

| | | | |
|---|---|---|---|
| ၁၆၇။ | ကောစ္ဆ | = မြတ်သောအင်းပျဉ်။ | (၁၁၁) |
| ၁၆၈။ | အာသန္ဒီ | = အင်းပျဉ်အထူး။ | (၁၁၁) |
| ၁၆၉။ | ဂေါနက | = အလျားအနံရှည်သော ကော်ဇောနက်။ | (၁၁၂) |
| ၁၇၀။ | စိတ္တက | = ဆန်းကြယ်သောသားမွေးအခင်း။ | (၁၁၂) |
| ၁၇၁။ | ပဋ္ဋလိကာ | = ပန်းပြောက်ခြယ်အခင်း။ | (၁၁၃) |
| ၁၇၂။ | ပဋ္ဋိကာ | = အဖြူထည်သားမွေးအခင်း။ | (၁၁၃) |
| ၁၇၃။ | ဥဒ္ဒလောမိ | = နှစ်ဘက်အမွေးရှိသောအခင်း။ | (၁၁၃) |
| ၁၇၄။ | ဧကန္တလောမိ | = တစ်ဘက်အမွေးရှိသောအခင်း။ | (၁၁၃) |
| ၁၇၅။ | ကုတ္တက | = မင်းသမီး(၁၆)ယောက်ကလောက်သောအခင်း | (၁၁၄) |
| ၁၇၆။ | ဝိကတိကာ | = ဆန်းကြယ်သောအခင်း။ | (၁၁၄) |
| ၁၇၇။ | ကဋ္ဋိဿ | = ပိုးချည့်,လျော်ချည် နှစ်မျိုးဖြင့်ပြီးသောအခင်း။ | (၁၁၅) |
| ၁၇၈။ | ကောသေယျ | = ရွှေချည်တို့ဖြင့် ချုပ်ခြယ်အပ်သော ပိုးချည်အခင်း။ | (၁၁၅) |
| ၁၇၉။ | တိဝဂ္ဂ | = ဓမ္မ,ကာမ,အတ္ထ အားဖြင့် (၃)ပါး။ | (၁၁၈) |
| ၁၈၀။ | စတုဝဂ္ဂ | = ဓမ္မ,ကာမ,အတ္ထ,နိဗ္ဗာန် အားဖြင့်(၄)ပါး။ | (၁၁၈) |
| ၁၈၁။ | ကုဏီ | = လက်စသည်ကောက်သူ။ | (၁၂၀) |
| ၁၈၂။ | ခလ္လာဋ | = ထိပ်ပြောင်သူ။ | (၁၂၀) |
| ၁၈၃။ | ကာဏ | = တစ်ဘက်ကမ်း။ | (၁၂၀) |
| ၁၈၄။ | အန္ဓ | = နှစ်ဘက်ကမ်း။ | (၁၂၀) |
| ၁၈၅။ | ဗဓိရ | = နားထိုင်းသူ။ | (၁၂၂) |
| ၁၈၆။ | သိင်္ဃာနိကာ | = နှပ်။ | (၁၂၄) |
| ၁၈၇။ | မဏ္ဍလိဿရ | = ပဒေသရာဇ်မင်း။ | (၁၃၅) |
| ၁၈၈။ | ခတ္တိယမဟာသာလ | = များသောဥစ္စာရှိသောမင်း။ | (၁၃၈) |

၁၈၉။ ဗြာဟ္မဏမဟာသာလ = များသောဥစ္စာရှိသောပုဏ္ဏား။ (၃၃၈)
၁၉၀။ ဂဟပတိမဟာသာလ = များသောဥစ္စာရှိသောသူဌေး။ (၃၃၉)
၁၉၁။ အက္ခဒဿ = တရားမတရားသူကြီး။ (၃၄၁)
၁၉၂။ အနီကဋ္ဌ = သက်တော်စောင့်။ (၃၄၂)
၁၉၃။ သတ္တု = ရန်သူမင်း။ (၃၄၃)
၁၉၄။ မိတ္တရာဇာ = မဟာမိတ်ဘုရင်။ (၃၄၃)
၁၉၅။ သမ္ဘတ္တ = မိတ်ဆွေချစ်။ (၃၄၆)
၁၉၆။ သန္ဒိဋ္ဌ = မြင်ဘူးကာမျှမိတ်ဆွေ။ (၃၄၆)
၁၉၇။ ပဘာဝ = ပဘုသတ္တိ။ (၃၅၁)
၁၉၈။ ပတာပ = ပတာပသတ္တိ။ (၃၅၁)
၁၉၉။ စတုက္ကဏ္ဏ = နားလေးဘက်အတိုင်ပင်။ (၃၅၂)
၂၀၀။ ဆက္ကဏ္ဏ = နားခြောက်ဘက်အတိုင်ပင်။ (၃၅၂)
၂၀၁။ သုင်္က = အကောက်ခွန်။ (၃၅၆)
၂၀၂။ သီဟာသန = ရာဇပလ္လင်။ (၃၅၇)
၂၀၃။ ကုမ္ဘ = ဦးကင်း။ (၃၆၃)
၂၀၄။ စူလိကာ = နားရင်း။ (၃၆၃)
၂၀၅။ အာသန = ဆင့်ပခုံး။ (၃၆၃)
၂၀၆။ မေစက = ဆင်မြီးထူး။ (၃၆၃)
၂၀၇။ ကဏ္ဌ = ကကြိုးတန်ဆာ။ (၃၆၅)
၂၀၈။ ကပ္ပန = ဆင်ကုန်းနှီး။ (၃၆၅)
၂၀၉။ တောမရ = မှိန်း။ (၃၆၆)
၂၁၀။ တုတ္တ = နားရင်းတုတ်။ (၃၆၇)
၂၁၁။ အင်္ကုသ = ချွန်း။ (၃၆၇)
၂၁၂။ ဂါမဏီယ = ဆင်ဆရာ,မြင်းဆရာ။ (၃၆၈)
၂၁၃။ အဿတရ = အဿတိုရ်မြင်း(လား)။ (၃၆၉)

| | | | |
|---|---|---|---|
| ၂၁၄။ | ဝိနီတ | = ကျင့်ပြီးမြင်း။ | (၃၆၉) |
| ၂၁၅။ | ကိသောရ | = မြင်းကလေး။ | (၃၆၉) |
| ၂၁၆။ | ကသာ | = ကြာပွတ်။ | (၃၇၀) |
| ၂၁၇။ | ကုသာ | = နှာရှုပ်ကြိုး။ | (၃၇၁) |
| ၂၁၈။ | ဖုဿရထ | = မင်္ဂလာရထား။ | (၃၇၂) |
| ၂၁၉။ | ဝေယဂ္ဂ | = ကျားရေကွပ်ရထား။ | (၃၇၂) |
| ၂၂၀။ | ဒေပ္ပ | = သစ်ရေကွပ်ရထား။ | (၃၇၂) |
| ၂၂၁။ | နေမိ | = အကွပ်(တကူ)။ | (၃၇၃) |
| ၂၂၂။ | နာဘိ | = ပုံတောင်း။ | (၃၇၄) |
| ၂၂၃။ | အာဏိ | = နပန်းစွန်း။ | (၃၇၄) |
| ၂၂၄။ | ဓုရ | = လှည်းဦး။ | (၃၇၅) |
| ၂၂၅။ | ဓေဇယျ | = အောင်ထိုက်သည့်အရာ။ | (၃၇၉) |
| ၂၂၆။ | ဗျူဟ | = စစ်ရေးပြခြင်း,စစ်ဆင်ခြင်း,စစ်ခင်းခြင်း။ | (၃၈၁) |
| ၂၂၇။ | ဒိဒ္ဓ | = ဆိပ်လူးမြား။ | (၃၉၀) |
| ၂၂၈။ | ဥပါသန | = မြားပစ်လေ့ကျင့်ခြင်း။ | (၃၉၀) |
| ၂၂၉။ | ကောသိ | = ဓားအိမ်။ | (၃၉၁) |
| ၂၃၀။ | ထရု | = သန်လျက်ရိုး။ | (၃၉၁) |
| ၂၃၁။ | အဟာမဟာမိကာ | = အချင်းချင်းကြုံးဝါးခြင်း။ | (၃၉၇) |
| ၂၃၂။ | ဝိတ္တမ | = အလွန်ရဲရင့်သူ။ | (၃၉၈) |
| ၂၃၃။ | ဇယပါန | = အောင်သေသောက်ခြင်း။ | (၃၉၈) |
| ၂၃၄။ | ဥပ္ပါဒ | = ပုဗ္ဗနိမိတ်။ | (၄၀၁) |
| ၂၃၅။ | နိဗ္ဗုဒ္ဓ | = လက်ဝှေ့သတ်ခြင်း။ | (၄၀၂) |
| ၂၃၆။ | ပရာဇယ | = ရှုံးခြင်း။ | (၄၀၂) |
| ၂၃၇။ | ကဗန္ဓ | = ဦးခေါင်းမရှိသောကိုယ်။ | (၄၀၆) |
| ၂၃၈။ | သိဝထိကာ | = သုသေစိမ်းပစ်ရာသင်းချိုင်း။ | (၄၀၆) |

၂၃၉။ သပြဟ္မစာရီ = သီတင်းသုံးဖော်။ (၄၁၀)

၂၄၀။ အာစရိယ = နိဿရည်းဆရာ။ (၄၁၀)

၂၄၁။ အာစရိယ = လောကီဆရာ။ (၄၁၁)

၂၄၂။ ဝေဒီ = ယဇ်ပလ္လင်။ (၄၁၂)

၂၄၃။ ဆန္န = ဆန်း။ (၄၁၇)

၂၄၄။ သာဝိတ္တီ = သာဝိတ္တီမည်သောဆန်း။ (၄၁၇)

၂၄၅။ စရု = ယဇ်စာထမင်း။ (၄၁၈)

၂၄၆။ သုဇာ = ယဇ်စာခပ်သောဇွန်း။ (၄၁၈)

၂၄၇။ အရဏီ = ပွတ်ခုံ,ပွတ်ကျည်။ (၄၁၉)

၂၄၈။ ဥဒ္ဒဒေဟိက = သက်ပျောက်ဆွမ်း။ (၄၂၃)

၂၄၉။ နိဝါပ = ရက်လည်ဆွမ်း။ (၄၂၃)

၂၅၀။ သဒ္ဓ = မသာထမင်း(ကုတ်ဟီးထမင်း)။ (၄၂၃)

၂၅၁။ ဂမိက = ခရီးသွားသူ။ (၄၂၄)

၂၅၂။ ပဇ္ဇ = ခြေဆေးရေ,ခြေနယ်ဆီ။ (၄၂၅)

၂၅၃။ အဗ္ဗေသနာ = တိုက်တွန်းတောင်းပန်ခြင်း။ (၄၂၇)

၂၅၄။ အာဘိသမာစာရိက = ခုဒ္ဒါနုခုဒ္ဒကဖြစ်သော စာရိတ္တသီလ။ (၄၃၁)

၂၅၅။ အာဒိဗြဟ္မစရိယ = ခုဒ္ဒါနုခုဒ္ဒကမှ တစ်ပါးသော သိက္ခာပဒသီလ။

(၄၃၁)

၂၅၆။ ဥပဝါသ = ဥပုသ်သုံးခြင်း။ (၄၃၂)

၂၅၇။ အရိယာ = ရအပ်ပြီးသော လောကုတ္တရာတရားရှိသူ။ (၄၃၅)

၂၅၈။ သေက္ခ = သောတာပန်စသော အရိယာပုဂ္ဂိုလ်(၇)ယောက်။

(၄၃၅)

၂၅၉။ ပါသဏ္ဍ = တဏှာ,ဒိဋ္ဌိ ကျော့ကွင်းကို ဖြစ်စေသော

ပါသဏ္ဍအယူ။ (၄၄၁)

၂၆၀။ ကတ္တရယဋ္ဌိ = တောင်ဝှေး။ (၄၄၃)

| | | |
|---|---|---|
| ၂၆၁။ ယမ | = ငါးပါးသီလ။ | (၄၄၄) |
| ၂၆၂။ နိယမ | = ဥပုသ်သီလ။ | (၄၄၄) |
| ၂၆၃။ လေဍ္ဍု | = မြေစိုင်ခဲ။ | (၄၄၇) |
| ၂၆၄။ သမ္မာ | = ထမ်းပိုးကျည်။ | (၄၄၉) |
| ၂၆၅။ အပရဏ္ဏ | = ပဲနောက်စသောပဲမျိုး။ | (၄၅၀) |
| ၂၆၆။ ပုဗ္ဗဏ္ဏ | = ကောက်ကြီးစသောစပါးမျိုး။ | (၄၅၀) |
| ၂၆၇။ နီဝါရ | = စပါးမျိုးအထူး။ | (၄၅၀) |
| ၂၆၈။ ထမ္ဘ | = မြက်ဖုတ်။ | (၄၅၄) |
| ၂၆၉။ ကံသ | = စားခွက်။ | (၄၅၇) |
| ၂၇၀။ မဟောသဓ | = ချင်းခြောက်။ | (၄၅၉) |
| ၂၇၁။ ဝိသကဏ္ဍက | = ထန်းလျက်(တင်လဲခဲ)။ | (၄၆၂) |
| ၂၇၂။ ဓာနာ | = မရွေး။ | (၄၆၃) |
| ၂၇၃။ မန္ထ | = မုံ့ညက်။ | (၄၆၃) |
| ၂၇၄။ မဏ္ဍ | = ရသာဦးရည်။ | (၄၆၇) |
| ၂၇၅။ ဝိဃာသ | = စားကြွင်း။ | (၄၆၇) |
| ၂၇၆။ ပဋိစ္ဆာဒနိယ | = အသားရည်။ | (၄၆၈) |
| ၂၇၇။ သတံ | = တစ်ရာ။ | (၄၇၄) |
| ၂၇၈။ သဟဿံ | = တစ်ထောင်။ | (၄၇၄) |
| ၂၇၉။ နိယုတံ | = တစ်သောင်း။ | (၄၇၄) |
| ၂၈၀။ လက္ခံ | = တစ်သိန်း။ | (၄၇၄) |
| ၂၈၁။ ကောဋိ | = တစ်ကုဋေ။ | (၄၇၄) |
| ၂၈၂။ အဗုဗု | = သုံးခွဲ။ | (၄၇၇) |
| ၂၈၃။ ဂုဉ္ဇာ | = တစ်ချင့်ရွေး။ | (၄၇၉) |
| ၂၈၄။ မာသက | = တမာသက(နှစ်ချင့်ရွေး)။ | (၄၉၇) |
| ၂၈၅။ အက္ခ | = တအက္ခ(ဆယ်မာသက)။ | (၄၇၉) |

| | | | |
|---|---|---|---|
| ၂၈၆။ | ခရဏ | = တခရဏ(ရှစ်အက္ခ)။ | (၄၇၉) |
| ၂၈၇။ | သုဝဏ္ဏ | = တသုဝဏ်(ငါးခရဏ)။ | (၄၈၀) |
| ၂၈၈။ | နိက္ခ | = တနိက္ခ(ငါးသုဝဏ်)။ | (၄၈၀) |
| ၂၈၉။ | ပါဒ | = တပါဒ(လေးခုမြောက်သောအဖို့)။ | (၄၈၀) |
| ၂၉၀။ | ပလ | = ဆယ်ခရဏ,တပိုလ်။ | (၄၈၀) |
| ၂၉၁။ | တုလာ | = တစ်ချိန် (ဝါ)ပိုလ်တစ်ရာ။ | (၄၈၁) |
| ၂၉၂။ | ဘာရ | = တဘာရ(အချိန်နှစ်ဆယ်)။ | (၄၈၁) |
| ၂၉၃။ | ကုဍုဝ | = တကုဍုံ(တစ်လက်ဘက်)။ | (၄၈၂) |
| ၂၉၄။ | ပတ္ထ | = တစ်စလယ်။ | (၄၈၂) |
| ၂၉၅။ | အာဠှက | = တစ်ပြည်။ | (၄၈၂) |
| ၂၉၆။ | ဒေါဏ | = တစ်စိတ်။ | (၄၈၂) |
| ၂၉၇။ | မာနိကာ | = တစ်တင်း။ | (၄၈၃) |
| ၂၉၈။ | ခါရီ | = တစ်တို့။ | (၄၈၃) |
| ၂၉၉။ | ဝါဟ | = တဝါဟ( ခါရီနှစ်ဆယ်)။ | (၄၈၃) |
| ၃၀၀။ | ကုမ္ဘ | = တကုမ္ဘ(ဆယ်အမ္ဗဏ)။ | (၄၈၃) |
| ၃၀၁။ | အမ္ဗဏ | = တစ်ဆယ့်တစ်စိတ်။ | (၄၈၄) |
| ၃၀၂။ | ကုပ္ပ | = ကြေးနီစသောဝတ္ထု။ | (၄၈၆) |
| ၃၀၃။ | ရူပိယ | = ပိုက်ဆံဒင်္ဂါး။ | (၄၈၆) |
| ၃၀၄။ | ပုပ္ဖရာဂ | = ဥဿဖယား။ | (၄၈၉) |
| ၃၀၅။ | ဝေါဝိန္ဒ | = နွားကိုအစိုးရသူ။ | (၄၉၆) |
| ၃၀၆။ | ဝဟ | = နွားပခုံး။ | (၄၉၇) |
| ၃၀၇။ | ဝသာ | = နွားမပြုံ။ | (၄၉၈) |
| ၃၀၈။ | ဓေနု | = သားဖွားစနွားမ။ | (၄၉၈) |
| ၃၀၉။ | ဝစ္ဆလာ | = သားခင်သောနွားမ။ | (၄၉၈) |
| ၃၁၀။ | အဇာ | = ဆိတ်မ။ | (၅၀၂) |

| | | | |
|---|---|---|---|
| ၃၁၁။ | သံကိဏ္ဏ | = ကပြား။ | (၅၀၃) |
| ၃၁၂။ | သေဏိ | = ဇာတ်တူအတတ်သည်ပေါင်း။ | (၅၀၄) |
| ၃၁၃။ | ဩရဗ္ဘိက | = သိုးဆိတ်သတ်သူ။ | (၅၁၃) |
| ၃၁၄။ | သူကရိက | = ဝက်ထိုးသမား။ | (၅၁၃) |
| ၃၁၅။ | မာဂဝိက | = သားမုဆိုး။ | (၅၁၃) |
| ၃၁၆။ | သာကုဏိက | = ငှက်မုဆိုး။ | (၅၁၃) |
| ၃၁၇။ | ဘုဇိဿ | = တော်လှန်သူ။ | (၅၁၆) |
| ၃၁၈။ | ဂဒ္ဒူလ | = ခွေးချည်ကြိုး(တောက်)။ | (၅၂၀) |
| ၃၁၉။ | ပေါတ္ထ | = ဆေးခြယ်ခြင်းအမှု။ | (၅၂၃) |
| ၃၂၀။ | သိက္ကာ | = ဆိုင်း။ | (၅၂၅) |
| ၃၂၁။ | ပါဒုကာ | = ခြေနင်း။ | (၅၂၅) |
| ၃၂၂။ | မူသာ | = မိုက်ခွက်။ | (၅၂၆) |
| ၃၂၃။ | ဂဂ္ဂရီ | = ဘားဖို။ | (၅၂၇) |
| ၃၂၄။ | သိပ္ပ | = ကလာစသောအတတ်။ | (၅၂၈) |
| ၃၂၅။ | အဋ္ဌပဒ | = အံစာပျဉ်။ | (၅၃၂) |
| ၃၂၆။ | ကိဏ္ဏ | = သေမျိုးစေ့(တဆေး)။ | (၅၃၃) |
| ၃၂၇။ | မဓု | = မယ်ဇယ်ပွင့်ဖြင့် လုပ်သောအရက်။ | (၅၃၃) |
| ၃၂၈။ | ပမဒဝန | = နန်းတွင်းသူတို့ဥယျာဉ်။ | (၅၃၈) |
| ၃၂၉။ | ဝနပ္ပတိ | = တောစိုးသစ်ပင်။ | (၅၄၀) |
| ၃၃၀။ | ဝဏ္ဋ | = အညှာ။ | (၅၄၄) |
| ၃၃၁။ | သလာဋု | = အသီးစိမ်း။ | (၅၄၆) |
| ၃၃၂။ | ဖလ | = အသီးမှည့်။ | (၅၄၆) |
| ၃၃၃။ | ခန္ဓ | = ပင်စည်။ | (၅၄၈) |
| ၃၃၄။ | ကောဋရ | = သစ်ခေါင်း။ | (၅၄၈) |
| ၃၃၅။ | ဝီရ | = စည်ပင်သောနွယ်။ | (၅၅၀) |

| | | | |
|---|---|---|---|
| ၃၃၆။ | ကုန္တယဝ | = လက်ထုပ်သီး။ | (၅၇၄) |
| ၃၃၇။ | အဋ္ဌက္က | = မရိုးဖြူ။ | (၅၈၁) |
| ၃၃၈။ | ကီစကာ | = ဝါးကြိတ်မည်သံ။ | (၆၀၀) |
| ၃၃၉။ | ဥသီရ | = ပန်းရင်း။ | (၆၀၁) |
| ၃၄၀။ | နိဗ္ဗုရ | = စမ်းရေယဉ်(ရေတံခွန်)။ | (၆၀၈) |
| ၃၄၁။ | ဝေါနင်္ဂုလ | = မျောက်ညို။ | (၆၁၄) |
| ၃၄၂။ | အဏ္ဏ | = ငှက်ဥ။ | (၆၂၇) |
| ၃၄၃။ | ဘောဂ | = မြွေကိုယ်။ | (၆၅၄) |
| ၃၄၄။ | ဝေလာ | = ကမ်း။ | (၆၆၀) |
| ၃၄၅။ | ပါရ | = တစ်ဖက်ကမ်း။ | (၆၆၅) |
| ၃၄၆။ | အပါရ | = ဤဘက်ကမ်း။ | (၆၆၅) |
| ၃၄၇။ | ဥတ္တာန | = တိမ်သည်။ | (၆၆၉) |
| ၃၄၈။ | ရဟာဒ | = အိုင်ကြီး။ | (၆၇၇) |
| ၃၄၉။ | ပလ္လလ | = အိုင်ငယ်။ | (၆၇၈) |
| ၃၅၀။ | ပဏ္ဍာလ | = ရေမြောင်း။ | (၆၈၃) |
| ၃၅၁။ | ပုဏ္ဍရိက | = ကြာဖြူ။ | (၆၈၆) |
| ၃၅၂။ | နာလ | = ကြာရိုး။ | (၆၈၆) |
| ၃၅၃။ | သဏ္ဍ | = ပဒုမ္မာကြာ စသည်အပေါင်း။ | (၆၈၇) |
| ၃၅၄။ | ကုန္ဒီဝရ | = ကုမုဒြာကြာညို။ | (၆၈၈) |
| ၃၅၅။ | ကုမုဒ | = ကုမုဒြာကြာဖြူ။ | (၆၈၈) |
| ၃၅၆။ | သာလူက | = ကြာဥ။ | (၆၈၈) |
| ၃၅၇။ | ကူဋ္ဌ | = မတုံမလှုပ်တည်တတ်သောကူဋ္ဌ။ | (၇၁၀) |
| ၃၅၈။ | ထာဝရ | = မရွေ့တတ်သောအရာ။ | (၇၁၂) |
| ၃၅၉။ | ပစ္စက္ခ | = မျက်မှောက်။ | (၇၁၆) |
| ၃၆၀။ | အပစ္စက္ခ | = မျက်ကွယ်။ | (၇၁၆) |

၃၆၁။ သဗျ = လက်ဝဲဘက်ကိုယ်။ (၇၁၉)

၃၆၂။ အပသဗျ = လက်ျာဘက်ကိုယ်။ (၇၁၉)

၃၆၃။ ဇဠမူဂ = လူအ(နားပင်းသူ)။ (၇၃၄)

၃၆၄။ ဝါစာလ = ကဲ့ရဲ့ဘွယ်စကားများသူ။ (၇၃၅)

၃၆၅။ ဝဇ္ဈ = ဦးခေါင်းဖြတ်ထိုက်သူ။ (၇၃၇)

၃၆၆။ စပလ = မဆင်ခြင်ဘဲညှင်းဆဲတတ်သူ, လျှပ်ပေါ်လော်လီ
မတည်ကြည်သူ။ (၇၃၈)

၃၆၇။ ကာကတာလီယ = ထန်းသီးကြွေခိုက် ကျီးပျံခိုက်နှင့်တူသောအမှု။
(၇၄၀)

၃၆၈။ အဏ္ဍဇ = အဥ၌ဖြစ်သော သတ္တဝါ။ (၇၄၁)

၃၆၉။ ဇလာဗုဇ = သားအိမ်၌ဖြစ်သော သတ္တဝါ။ (၇၄၁)

၃၇၀။ သေဒဇ = အညှိ၌စွဲ၍ဖြစ်သော သတ္တဝါ။ (၇၄၁)

၃၇၁။ ဩပပါတိက = ကိုယ်ထင်ရှားဖြစ်သော သတ္တဝါ။ (၇၄၁)

၃၇၂။ ကပ္ပ = ဒူးဆစ်မမြုပ်သောရေစသည်။ (၇၄၂)

၃၇၃။ ဝတ္တ = ကျင့်ဝတ်ပဋိပတ်။ (၇၅၈)

၃၇၄။ ပရာယဏ = ကပ်ငြိမှီခိုခြင်း။ (၇၅၈)

၃၇၅။ ယဒိစ္ဆာ = အလိုအလျောက်ဖြစ်ခြင်း။ (၇၆၀)

၃၇၆။ သဟာသာ = မကြံမစည်။ (၁၁၄၈)

၃၇၇။ တုဏှီ = ဆိတ်ဆိတ်နေခြင်း။ (၁၁၄၉)

၃၇၈။ နနု = ဆန့်ကျင်သဖြင့်ဆိုခြင်း။ (၁၁၅၁)

၃၇၉။ ကစ္စိ = အလိုရှိသည်ကို မေးခြင်း။ (၁၁၅၁)

၃၈၀။ အတ္ထု = ပြုစုခြင်းရှေ့ရှိသော ဝန်ခံခြင်း။ (၁၁၅၁)

၃၈၁။ ဓဝ = ဆုံးဖြတ်ခြင်း။ (၁၁၅၂)

၃၈၂။ နီစ = ယုတ်သည်။ (၁၁၅၂)

၃၈၃။ ဥစ္စ = ကြီးမြတ်သည်။ (၁၁၅၂)

| | | | |
|---|---|---|---|
| ၃၈၄။ | ပါယ | = များသည် | (၁၅၃) |
| ၃၈၅။ | သဏိက | = ဖြေးနေးသည်။ | (၁၅၃) |
| ၃၈၆။ | အတ္တ | = မမြင်ခြင်း။ | (၁၅၄) |
| ၃၈၇။ | ဒုဋ္ဌု | = ကဲ့ရဲ့ခြင်း။ | (၁၅၄) |
| ၃၈၈။ | နမော | = ရှိခိုးခြင်း။ | (၁၅၄) |
| ၃၈၉။ | အတ္ထိ | = ထင်ရှားခြင်း။ | (၁၅၄) |
| ၃၉၀ | သုဝေ | = နက်ဖန်နေ့။ | (၁၅၅) |
| ၃၉၁။ | သာယ | = ညချမ်း။ | (၁၅၅) |
| ၃၉၂။ | အဇ္ဇ | = ဤနေ့။ | (၁၅၅) |
| ၃၉၃။ | ပရသုဝေ | = သန်ဘက်ခါနေ့။ | (၁၅၅) |
| ၃၉၄။ | ဟိယျော | = ယမန်နေ့။ | (၁၅၅) |
| ၃၉၅။ | ဟာ | = ပင်ပန်းခြင်း။ | (၁၅၉) |
| ၃၉၆။ | သစ္ဆိ | = မျက်မှောက်ပြုခြင်း။ | (၁၅၉) |
| ၃၉၇။ | သုဝတ္ထိ | = တောင့်တခြင်းအနက်။ | (၁၆၀) |
| ၃၉၈။ | ဓိ | = ကဲ့ရဲ့ခြင်း။ | (၁၆၀) |

ပရိယာယ်(၁)အခန်းပြီး၏။

# ပရိယာယ်-၂-စသည့် အခန်း

| ဂါထာနံပါတ် | ပါဠိ | မြန်မာ |
|---|---|---|
| ၁။ | ဗုဒ္ဓ | = ဘုရား |
| ၂။ | သိဒ္ဓတ္ထ | = ဂေါတမဘုရား |
| ၆။ | မောက္ခ | = နိဗ္ဗာန် |
| ၁၀။ | ခီဏာသဝ | = ရဟန္တာ |
| ၁၀။ | ဒိဝ | = နတ်ပြည် |
| ၁၁။ | တိဒသာ | = နတ် |
| ၁၄။ | ပုဗ္ဗဒေဝ | = အသုရာ |
| ၁၅။ | ပိတာမဟာ | = ပြဟ္မာ |
| ၁၆။ | ဟရိ | = ဗိဿနိုး |
| ၁၆။ | သိဝ | = သိဝနတ် |
| ၁၇။ | ကုမာရ | = ခန္ဒ(ခဒဲနတ်) |
| ၁၈။ | သက္က | = သိကြားနတ်မင်း |
| ၂၄။ | အသနိ | = ဝရဇိန်လက်နက် |
| ၂၄။ | အစ္ဆရာ | = နတ်သမီး |
| ၂၅။ | ဝိမာန | = ဗိမာန် |
| ၂၅။ | သိနေရု | = မြင့်မိုရ်တောင် |
| ၂၇။ | မန္ဒာကိနီ | = နတ်မြစ် |
| ၂၇။ | ကောဝိဠာရ | = ပင်လယ်ကသစ် |

| | | |
|---|---|---|
| ၂၈။ | ကပ္ပရုက္ခ | = နတ်သစ်ပင် |
| ၂၉။ | ဝိဒိသာ | = အထောင့်ရပ် |
| ၃၁။ | ဓတရဋ္ဌ | = ဓတရဋ္ဌနတ်မင်း |
| ၃၁။ | ဝိရူဠှက | = ဝိရုဠှကနတ်မင်း |
| ၃၁။ | ဝိရူပက္ခ | = ဝိပက္ခနတ်မင်း |
| ၃၂။ | ကုဝေရ | = ကုဝေရနတ်မင်း |
| ၃၂။ | အဠကာ | = ကုဝေနေမင်း၏မြို့တော် |
| ၃၃။ | အဂ္ဂိ | = မီး |
| ၃၄။ | သိခါ | = မီးတောက်မီးလျှံ |
| ၃၅။ | ဖုလိင်္ဂ | = မီးပွား |
| ၃၅။ | သေဋ္ဌိ | = ပြာ |
| ၃၆။ | ဥမ္မုက | = မီးစ |
| ၃၆။ | သမိဓာ | = ထင်းမီးစာ |
| ၃၇။ | ဩဘာသ | = အလင်း |
| ၃၇။ | မာလုတ | = လေ |
| ၄၀။ | ဝေဂ | = အဟုန် |
| ၄၀။ | ခိပ္ပ | = အလျှင်အမြန် |
| ၄၁။ | သတတ | = အမြဲ |
| ၄၁။ | ဘုသ | = အလွန်အကဲအပြင်းအထန် |
| ၄၂။ | မနောဘူ | = ကာမနတ် |
| ၄၃။ | မာရ | = မာရ်နတ် |
| ၄၄။ | ယမရာဇ | = ယမမင်း |
| ၄၄။ | ဝေပစိတ္တိ | = ဝေပစိတ္တိအသူရာ |
| ၄၄။ | ကိန္နရ | = ကိန္နရာ |
| ၄၅။ | အန္တလိက္ခ | = ကောင်းကင် |

| | | |
|---|---|---|
| ၄၇။ | မေဃ | = မိုးတိမ် |
| ၄၈။ | ဝဿ | = မိုးရွာခြင်း |
| ၄၈။ | ဝိဇ္ဇု | = လျှပ်စစ် |
| ၄၉။ | ဓနိတ | = မိုးချုန်းသံ |
| ၄၉။ | ဣန္ဒာဝုဓ | = စို့သက်တင်ရေး |
| ၄၉။ | သီကရ | = မိုးပေါက် |
| ၅၀။ | အာသာရ | = မိုးရေအယဉ် |
| ၅၁။ | ပိဓာန | = အပိတ်အဖုံး |
| ၅၁။ | စန္ဒ | = လ |
| ၅၃။ | ဗိမ္ဗ | = လဝန်း |
| ၅၃။ | အဒ္ဓ | = အစိတ်ထက်ဝက် |
| ၅၄။ | ပသာဒ | = ကြည်လင်ခြင်း |
| ၅၄။ | ကောမုဒီ | = လရောင် |
| ၅၄။ | ကန္တိ | = တင့်တယ်ခြင်း |
| ၅၅။ | လက္ခ | = အမှတ်တံဆိပ် |
| ၅၆။ | သီတ | = ချမ်းအေးသောဝတ္ထု |
| ၅၆။ | ဟိမ | = ဆီးနှင်း |
| ၅၇။ | ဘံ | = နက္ခတ် |
| ၆၁။ | သောဗ္ဘာန | = ရာဟု |
| ၆၁။ | ဘဒ္ဒပဒ | = ဘဒြပိုဒ်နက္ခတ် |
| ၆၂။ | အာဒိစ္စ | = နေ |
| ၆၄။ | ရံသိ | = အရောင် |
| ၆၅။ | ပရိဓိ | = နေအိမ်အဝန်း |
| ၆၅။ | မရီစိ | = တံလျှပ် |
| ၆၆။ | ကာလ | = အခါ |

| | | |
|---|---|---|
| ၆၇။ | ဒိဝသ | = နေ့ရက် |
| ၆၈။ | ပဘာတ | = မိုးသောက်မိုးလင်း |
| ၆၈။ | အဘိဒေါသ | = ညဦး |
| ၆၈။ | သာယ | = ညနေချမ်းဆည်းဆာ |
| ၆၉။ | နိသာ | = ညဥ့် |
| ၇၀။ | နိသီထ | = သန်းခေါင် |
| ၇၀။ | အန္ဓကာရ | = အမိုက်အမှောင် |
| ၇၃။ | ပန္နရသီ | = တစ်ဆယ့်ငါးရက် |
| ၇၃။ | ပုဏ္ဏမာ | = လပြည့်နေ့ |
| ၇၃။ | အမာဝသီ | = လကွယ်နေ့ |
| ၇၇။ | သာဝဏ | = ဝါခေါင်လ |
| ၇၇။ | စိတ္တမာသ | = တံခူးလ |
| ၈၀။ | ဉဏှ | = နွေဉတု |
| ၈၀။ | ဝဿ | = မိုးဉတု |
| ၈၁။ | သံဝစ္ဆရ | = နှစ် |
| ၈၂။ | ကပ္ပက္ခယ | = ကမ္ဘာပျက်ခြင်း |
| ၈၂။ | အလက္ခီ | = သူယုတ် |
| ၈၂။ | လက္ခီ | = ကျက်သရေ |
| ၈၄။ | ပါပ | = မကောင်းမှုအကုသိုလ် |
| ၈၅။ | ကုသလ | = ကောင်းမှုကုသိုလ် |
| ၈၆။ | သန္ဒိဋ္ဌိက | = မျက်မှောက်အကျိုး |
| ၈၆။ | ပါရလောကိက | = တမလွန်အကျိုး |
| ၈၆။ | အာယတိ | = နောင်အခါ |
| ၈၇။ | ဟာသ | = နှစ်သက်ဝမ်းမြောက်ခြင်း |
| ၈၈။ | သုခ | = ချမ်းသာခြင်း |

| | | |
|---|---|---|
| ၈၈။ | သိဝ | = ကောင်းခြင်းမင်္ဂလာ |
| ၈၉။ | ဒုက္ခ | = ဆင်းရဲခြင်း |
| ၉၀။ | ဘာဂျ | = ကံကြမ္မာ |
| ၉၀။ | ဥပ္ပတ္တိ | = ဖြစ်ခြင်း |
| ၉၁။ | နိမိတ္တ | = အကြောင်း |
| ၉၂။ | ဇီဝ | = အတ္တ(အသက်လိပ်ပြာ) |
| ၉၂။ | ပဓာန | = မာယာ |
| ၉၃။ | ပါဏ | = သတ္တဝါ |
| ၉၄။ | ဝိသယ | = အာရုံ |
| ၉၅။ | သုက္က | = အဖြူ |
| ၉၅။ | လောဟိတ | = အနီ |
| ၉၆။ | ကဏှ | = အမည်းအနက် |
| ၉၇။ | ပီတ | = ဝါသောအဆင်း |
| ၉၇။ | ဟာရိ | = စိမ်းသောအဆင်း |
| ၉၈။ | ကပိလ | = ကြောင်သောအဆင်း |
| ၉၈။ | ပိင်္ဂ | = ပြိုးပြိုးပြက်အရောင်အဆင်း |
| ၉၉။ | ကမ္မာသ | = ပြောက်ကျားသောအဆင်း |
| ၁၀၀။ | နစ္စ | = ကခြင်း |
| ၁၀၁။ | အင်္ဂဟာရ | = ကိုယ်အင်္ဂါပစ်နွဲ့ခြင်း |
| ၁၀၁။ | နဋ္ဋ | = ကခြေသည် |
| ၁၀၅။ | ဝါစာ | = စကား |
| ၁၁၃။ | ဝုတ္တန္တ | = သတင်းစကား |
| ၁၁၄။ | သညာ | = အမည် |
| ၁၁၄။ | ဥတ္တရ | = အဖြေ |
| ၁၁၅။ | ပုစ္ဆာ | = အမေး |

| | | |
|---|---|---|
| ၁၁၅။ | နိဒဿန | = ဥဒါဟရဏ် |
| ၁၁၆။ | သင်္ခေပ | = အကျဉ်း |
| ၁၁၇။ | ဝိဝါဒ | = ငြင်းခုံခြင်း |
| ၁၁၇။ | သပန | = ကျိန်ဆဲခြင်း |
| ၁၁၇။ | ကိတ္တိ | = ကျော်စောခြင်း |
| ၁၁၈။ | ပဋိဃောသ | = ပဲ့တင်သံ |
| ၁၁၈။ | ဝစီမုခ | = စကားဦးစကားစ |
| ၁၁၈။ | ထုတိ | = ချီးမွမ်းခြင်း |
| ၁၂၀။ | ဝေဝစန | = ပရိယာယ် |
| ၁၂၀။ | သာကစ္ဆာ | = ဆွေးနွေးတိုင်ပင်ခြင်း |
| ၁၂၀။ | ဥပဝါဒ | = မျက်ကွယ်ကျေးဇူးမဲ့ပြောခြင်း |
| ၁၂၁။ | နိန္ဒာ | = မျက်မှောက်ကဲ့ရဲ့ရှုံ့ချခြင်း |
| ၁၂၃။ | ဝိလာပ | = ငိုကြွေးမြည်တမ်းခြင်း |
| ၁၂၄။ | ဝိပ္ပလာပ | = ဆန့်ကျင်ဘက်စကား |
| ၁၂၄။ | ဝါစိက | = အမှာစကား |
| ၁၂၄။ | သလ္လာပ | = နှီးနှောတိုင်ပင်စကား |
| ၁၂၅။ | သံကုလ | = ရှေ့နောက်ဆန့်ကျင်စကား |
| ၁၂၇။ | သမ္မာ | = မှန်သောစကား |
| ၁၂၇။ | မုသာ | = မမှန်သောစကား |
| ၁၂၈။ | သဒ္ဒ | = အသံ |
| ၁၃၀။ | ကောလာဟလ | = အုတ်အုတ်ကျက်ကျက်အသံ |
| ၁၃၀။ | ဂီတ | = သီချင်းသံ |
| ၁၃၈။ | ဝီဏာ | = စောင်း |
| ၁၃၈။ | ဥပဝီဏာ | = စောင်းကြက်သောသားရေ |
| ၁၄၂။ | ဝါဒိတ | = တီးမှုတ်ခြင်း |

| | | |
|---|---|---|
| ၁၄၃။ | ဘေရီ | = စည်ကြီး |
| ၁၄၃။ | မုဒိင်္ဂ | = မရိုးစည် ဒိုးပတ် |
| ၁၄၃။ | တိဏဝ | = စည်တို |
| ၁၄၄။ | ပဏဝ | = ထက်စည် |
| ၁၄၄။ | ဒဒ္ဒရီ | = ဘားစည် |
| ၁၄၆။ | ဒုဂ္ဂန္ဓ | = မကောင်းသောအနံ့ |
| ၁၄၆။ | ဝိဿ | = ညှီဟောက်သောအနံ့ |
| ၁၄၉။ | ဖဿ | = အတွေ့ |
| ၁၄၉။ | ဝိသယီ | = ဣန္ဒြေ |
| ၁၄၉။ | စက္ခု | = မျက်စိ |
| ၁၅၀။ | သောတ | = နား |
| ၁၅၀။ | ဃာန | = နှာခေါင်း |
| ၁၅၀။ | ဇိဝှါ | = လျှာ |
| ၁၅၁။ | သရီရ | = ကိုယ် |
| ၁၅၂။ | စိတ္တ | = စိတ် |
| ၁၅၂။ | ဗုဒ္ဓိ | = ပညာ |
| ၁၅၃။ | ဝိပဿနာ | = ပညာအထူး |
| ၁၅၄။ | ဝီမံသ | = စူးစမ်းဆင်ခြင်နိုင်သောပညာ |
| ၁၅၄။ | ဝေဒနာ | = ခံစားခြင်း |
| ၁၅၅။ | ဝိတက္က | = အကြံဝိတက် |
| ၁၅၅။ | အာယု | = အသက် |
| ၁၅၅။ | သမာဓိ | = တည်ကြည်ခြင်း |
| ၁၅၆။ | ဝီရိယ | = အားထုတ်ခြင်းလုံးလ |
| ၁၅၈။ | သတိ | = အောက်မေ့ခြင်း |
| ၁၅၈။ | ဟိရီ | = ရှက်ခြင်း |

| | | |
|---|---|---|
| ၁၅၈။ | ဩတပ္ပ | = မကောင်းမှုမှလန့်ခြင်း |
| ၁၅၉။ | ဥပေက္ခာ | = လျစ်လျူရှုခြင်း |
| ၁၅၉။ | စိတ္တာဘောဂ | = နှစ်လုံးသွင်းခြင်း |
| ၁၅၉။ | အဓိမောက္ခ | = ဆုံးဖြတ်ခြင်း |
| ၁၆၀။ | ကာရုည | = သနားခြင်း |
| ၁၆၀။ | ဝိရတီ | = ရှောင်ကြည်ခြင်း |
| ၁၆၁။ | ခန္တိ | = သည်းခံခြင်း |
| ၁၆၁။ | မေတ္တာ | = ချစ်ခြင်း |
| ၁၆၁။ | ဒဠှီ | = အယူ |
| ၁၆၂။ | ဝါန | = တဏှာ |
| ၁၆၄။ | ဒေါသ | = အမျက်ဒေါသ |
| ၁၆၄။ | ဗျာပါဒ | = သူတစ်ပါးအကျိုးမဲ့ကိုကြံခြင်း |
| ၁၆၅။ | ဥပနာဟ | = ရန်ငြိုးဖွဲ့ခြင်း |
| ၁၆၅။ | သောက | = စိုးရိမ်ခြင်း |
| ၁၆၅။ | ရုဏ္ဏ | = ငိုကြွေးခြင်း |
| ၁၆၅။ | ပရိဒေဝ | = တမ်းတငိုယိုခြင်း |
| ၁၆၆။ | ဘီတိ | = ကြောက်ခြင်း |
| ၁၆၆။ | ဘေရဝ | = ကြီးစွာကြောက်ခြင်း |
| ၁၆၇။ | ဘီမ | = ကြောက်ဘွယ်ဝတ္ထု |
| ၁၆၈။ | ကုက္ကုစ္စ | = ပြုစုခြင်း |
| ၁၆၈။ | မစ္ဆရိယ | = ဝန်တိုခြင်း |
| ၁၆၈။ | မောဟ | = မသိမမြင်ခြင်း |
| ၁၆၈။ | မာန | = တက်ကြွခြင်း |
| ၁၆၉။ | ဥဒ္ဓစ္စ | = ပျံ့လွင့်ခြင်း |
| ၁၆၉။ | ကုက္ကုစ္စ | = နောင်တပူပန်ခြင်း |

| | | |
|---|---|---|
| ၁၇၀။ | ဝိစိကိစ္ဆာ | = ယုံမှားတွေးတောခြင်း |
| ၁၇၁။ | အဘိမာန | = မာန်ခက်ထန်ခြင်း |
| ၁၇၁။ | စိန္တာ | = ကြံစီခြင်း |
| ၁၇၁။ | နိစ္ဆယ | = ဆုံးဖြတ်ခြင်း |
| ၁၇၁။ | ပဋိညာ | = ဝန်ခံခြင်း |
| ၁၇၂။ | အနာဒရ | = မရိုမသေခြင်း |
| ၁၇၂။ | ဥမ္မာဒ | = ရူးသွပ်ခြင်း |
| ၁၇၃။ | ပေမ | = ချစ်ခြင်း |
| ၁၇၃။ | ဝိသညိတာ | = တွေဝေခြင်း |
| ၁၇၃။ | ပမာဒ | = မေ့လျော့ခြင်း |
| ၁၇၃။ | ကောတူဟလ | = အထူးအဆန်းကြည့်လိုခြင်း |
| ၁၇၅။ | ဟာသန | = ရယ်ခြင်း |
| ၁၇၅။ | သိတ | = ပြုံးခြင်း |
| ၁၇၅။ | မဟာဟာသ | = ပြင်းစွာရယ်ခြင်း |
| ၁၇၅။ | လောမဟံသန | = ကြက်သီးမွေးညှင်းထခြင်း |
| ၁၇၆။ | ဒဝ | = ပြောင်လှောင်ခြင်း |
| ၁၇၆။ | သုပိန | = အိပ်ခြင်း |
| ၁၇၆။ | မိဒ္ဓ | = ငိုက်မျဉ်းခြင်း |
| ၁၇၇။ | ကူဋ္ဋ | = စဉ်းလဲခြင်း |
| ၁၇၇။ | သဘာဝ | = သဘောတရား |
| ၁၇၈။ | ဥဿဝ | = ပျော်ပွဲပူဇော်ပွဲ |
| ၁၈၀။ | ဘူမိ | = မြေ |
| ၁၈၂။ | ဦသိရ | = ဆားဆပ်ပြာပေါက်ရာမြေ |
| ၁၈၂။ | ထလ | = ကြည်းကုန်း |
| ၁၈၆။ | ဘုဝန | = လောက |

| | | |
|---|---|---|
| ၁၈၆။ | ဒေသ | = အရပ် |
| ၁၈၆။ | ပစ္စန္တ | = ပစ္စန္တအရပ် |
| ၁၈၆။ | မဇ္ဈိမ | = မဇ္ဈိမဒေသ |
| ၁၈၇။ | ကစ္ဆ | = စိမ့်မြေ |
| ၁၈၈။ | ရဋ္ဌ | = တိုင်းနိုင်ငံ |
| ၁၈၈။ | သေတု | = ကန်သင်းကန်ပေါင် |
| ၁၉၀။ | ဝဇ | = နွားခြံ |
| ၁၉၀။ | မဂ္ဂ | = ခရီး |
| ၁၉၂။ | ကန္တာရ | = ခရီးခဲ |
| ၁၉၃။ | ပဋိမဂ္ဂ | = ခရီးရင်ဆိုင် |
| ၁၉၃။ | သုပ္ပထ | = လမ်းကောင်း |
| ၁၉၃။ | ဥပ္ပထ | = လမ်းမဟုတ် |
| ၁၉၈။ | ပုရ | = မြို့ |
| ၂၀၂။ | ရစ္ဆာ | = မြို့တွင်းရွာတွင်းလမ်း |
| ၂၀၃။ | စတုက္က | = ခရီးလေးခုအဆုံ |
| ၂၀၃။ | ပါကာရ | = မြို့ရိုးတံတိုင်း |
| ၂၀၃။ | ဥဒ္ဒါပ | = တံတိုင်းခြေ |
| ၂၀၄။ | ဘိတ္တိ | = နံရံ |
| ၂၀၄။ | ဂေါပုရ | = တံခါးမုခ် |
| ၂၀၄။ | ဧသိကာ | = တံခါးတိုင် |
| ၂၀၄။ | အဋ္ဋ | = ပြအိုး |
| ၂၀၅။ | တောရဏ | = တုရိုဏ်း |
| ၂၀၅။ | ပရိခါ | = ကျုံး |
| ၂၀၇။ | ဂေဟ | = အိမ် |
| ၂၀၇။ | စေတိယ | = စေတီနတ်ကွန်း |

၂၀၈။ ပါသာဒ = ပြသာဒ်
၂၀၈။ ဟမ္မိယ = အုတ်တိုက်ကတုံး
၂၁၀။ သဘာ = သဘင်(အစည်းအဝေး)
၂၁၀။ မဏ္ဍပ = မဏ္ဍာပ်
၂၁၀။ ပဋိက္ကမန = ဆွမ်းစားစရပ်
၂၁၁။ ရသဝတီ = စဖိုအိမ်
၂၁၂။ သိပ္ပသာလာ = အလုပ်ရုံ
၂၁၂။ သောဏ္ဍာ = ဘုံဆိုင်(သေတင်းကုပ်)
၂၁၂။ ဝစ္စကုဋိ = အိမ်သာ
၂၁၃။ အာပဏ = ဈေးရုံ
၂၁၃။ ဥဒ္ဒေါသိတ = ကုန်တိုက်(ဂိုဒေါင်)
၂၁၃။ စင်္ကမ = စင်္ကြံန်
၂၁၄။ ဇန္တာဃရ = မီးတင်းငုပ်
၂၁၄။ ပပါ = ရေအိုးစဉ်
၂၁၄။ ဂဗ္ဘ = တိုက်ခန်း
၂၁၄။ သယနိဂ္ဂဟ = အိပ်ခန်း
၂၁၅။ ဩရောဓ = မောင်းမဆောင်
၂၁၆။ သောပါန = အတ်လှေခါး
၂၁၆။ နိဿေဏီ = သစ်သားလှေခါး
၂၁၆။ ဝိတပါန = ပြူတင်းပေါက်
၂၁၇။ လင်္ဂီ = တံခါးကျည်မင်းတုပ်
၂၁၇။ ကပိသီသ = တံခါးချည်တိုင်
၂၁၈။ ဆဒန = အမိုး
၂၁၈။ အဇိရ = အိမ်အပြင်ကြမ်းပြင်
၂၁၈။ ပဃာန = ခွေးကတက်

| | | |
|---|---|---|
| ၂၁၈။ | ပမုခ | = အိမ်ဦးဆင်ဝင် |
| ၂၁၉။ | ဒွါရဗာဟာ | = တံခါးဘောင် |
| ၂၁၉။ | ကူဋ္ဋ | = အထွတ် |
| ၂၁၉။ | ဒွါရ | = တံခါး |
| ၂၁၉။ | ဥမ္မာရ | = တံခါးခုံ |
| ၂၂၀။ | ထမ္ဘ | = တိုင် |
| ၂၂၀။ | ဣဋ္ဌကာ | = အုတ် |
| ၂၂၂။ | ကုဉ္စိကာဝိဝရ | = သော့ပေါက် |
| ၂၂၂။ | ကုဉ္စိကာ | = သော့ |
| ၂၂၂။ | ဝေဒိကာ | = ဝရံတာ |
| ၂၂၃။ | သမ္မဇ္ဇနီ | = တံမြက်စည်း |
| ၂၂၄။ | သင်္ကဋီရ | = အမှိုက်ပုံး |
| ၂၂၄။ | သင်္ကာရ | = အမှိုက် |
| ၂၂၅။ | ဂါမ | = ရွာ |
| ၂၂၅။ | ဩဓိ | = အပိုင်းခြား |
| ၂၂၆။ | ဃောသ | = နွားကျောင်းသားရွာ |
| ၂၂၇။ | မနုဿ | = လူ |
| ၂၂၇။ | ပုရိသ | = ယောက်ျား |
| ၂၃၀။ | ထီ | = မိန်းမ |
| ၂၃၁။ | ကညာ | = သူငယ်မ |
| ၂၃၁။ | ယုဝတီ | = အပျို |
| ၂၃၃။ | ဂဏိကာ | = ပြည့်တန်ဆာမ |
| ၂၃၃။ | ဗန္ဓကီ | = လင်မြှောင်ထားသော မိန်းမ |
| ၂၃၄။ | ဥတ္တမာ | = မိန်းမမြတ် |
| ၂၃၄။ | သတီ | = သူတော်ကောင်းမ |

| | | |
|---|---|---|
| ၂၃၄။ | ကုလိတ္ထီ | = အမျိုးစောင့်စည်းသော မိန်းမ |
| ၂၃၅။ | ဝိဓဝါ | = မုဆိုးမ |
| ၂၃၅။ | ပတိမ္ဗရာ | = မိမိအလိုအတိုင်း လက်ထပ်သော မိန်းမ |
| ၂၃၅။ | ဝိဇာတာ | = သားဖွားသောမိန်းမ |
| ၂၃၆။ | ဒူတီ | = အောင်သွယ် |
| ၂၃၆။ | ဒါသီ | = ကျွန်မ |
| ၂၃၆။ | ဝါရုဏီ | = နတ်ကတော် |
| ၂၃၆။ | ခတ္တိယာ | = မင်းသမီး |
| ၂၃၇။ | ဒါရ | = မယား |
| ၂၃၈။ | သခီ | = မိတ်ဆွေမ |
